# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလကွယ်နေ့၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၉၄)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြင်ဦးလွင်မြို့ ခုတင် (၂၀၀) ဆံ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ တက်ရောက်ချီးမြှင့်

## ဆေးပဒေသာပင်များ၏ အကျိုးကျေးဇူးကြောင့် နွမ်းပါးသောလူနာများ ဆေးဝါးကုသမှု အခမဲ့ရရှိနေပြီ

**နေပြည်တော် ဇူလိုင် ၂၃**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇူလိုင် ၂၀ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ ပြင်ဦးလွင်မြို့သို့ ရောက်ရှိရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✡

| နိုင်ငံရေးဦးတည်ချက်(၄)ရပ် | စီးပွားရေးဦးတည်ချက်(၄)ရပ် | လူမှုရေးဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး<br>* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |



**နှုတ်ဆက်အားပေး**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြင်ဦးလွင်မြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံဆေးပဒေသာပင် အလှူရှင်တို့အား နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

**ပြင်ဦးလွင် ခုတင်(၂၀၀)ဆံ့ ဆေးရုံ**

ပြင်ဦးလွင်မြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံကို တွေ့ရစဉ်။ (သတင်းစဉ်)



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

# စက်မှုလုပ်ငန်းသစ်များ ထူထောင်ရေးရည်မှန်းဆောင်ရွက်

နိုင်ငံတော်၏ စက်မှုကဏ္ဍသည် စိုက်ပျိုးရေး အခြေခံစက်မှုလုပ်ငန်းများမှ ဘက်စုံစက်မှုဖွံ့ဖြိုးရေးသို့ ကူးပြောင်းလျက်ရှိသည်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကပံ့ပိုးပေးရမည့် လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီညီ တိုးတက်စေရေးအတွက် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်က စီမံတည်ဆောက်နေဆဲဖြစ်သည့် အကြီးစားနှင့် အလတ်စား ရေအားလျှပ်စစ်လုပ်ငန်းများ၏ ထုတ်လုပ်နိုင်မှုစွမ်းအားသည် မဂ္ဂါဝပ် ၅၀၀၀ခန့်ရှိသည်။ ယနေ့ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် စက်တပ်ဆင်အင်အားမဂ္ဂါဝပ်၁၅၀၀ခန့် ထုတ်လုပ်သုံးစွဲလျက်ရှိသည်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ ပြီးခဲ့သည့် တတိယကာလတို ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၀၅-၂၀၀၆ခုနှစ် အခြေအနေ၌ ၂၀၀၅-၂၀၀၆ဈေးနှုန်းဖြင့် တွက်ချက်လျှင် တစ်မျိုးသားလုံး၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးသည် ၁၇ဒသမ ၅ရာခိုင်နှုန်းအထိ ရှိသည်။ ယင်းအခြေခံအပေါ်မူတည်ပြီး စတုတ္ထကာလတို ငါးနှစ်စီမံကိန်းတွင် GDP အပေါ် စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးကို ပထမနှစ်ဖြစ်သည့် ၂၀၀၆-၂၀၀၇ခုနှစ်၌ ၁၈ဒသမ၉ ရာခိုင်နှုန်း၊ ဒုတိယနှစ်မှစ၍ ၂၀ ဒသမ ၉ ရာခိုင်နှုန်း၊ ၂၃ ဒသမ ၃ ရာခိုင်နှုန်း၊ ၂၅ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၂၈ ဒသမ ၉ရာခိုင်နှုန်းအထိ အသီးသီး နှစ်စဉ်တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

စက်မှုကဏ္ဍ၏ ပိုင်ဆိုင်မှုအချိုးအနေဖြင့်ကြည့်လျှင် ပုဂ္ဂလိကကဏ္ဍ ၉၂ဒသမ၃၆ရာခိုင်နှုန်း ပါဝင်နေသဖြင့် နိုင်ငံတော်၏စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိကကဏ္ဍသည် အဓိကအားထားရမည့် အင်အားစုပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ပုဂ္ဂလိက စက်မှုကဏ္ဍတိုးတက်မြင့်မားရေးအတွက် အားပေးပံ့ပိုးလျက်ရှိသည်နှင့်အညီ ပုဂ္ဂလိကကဏ္ဍအနေဖြင့်လည်း စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းမွန်သည့် စက်မှုလုပ်ငန်းများကို တိုးချဲ့သွားကြရန်လိုပေသည်။

ယခုကာလတွင် ပြည်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရေး၊ နိုင်ငံတော်အတွက် ပိုမိုအကျိုးရှိစေမည့် နည်းပညာရရှိရေးနှင့် ပြည်တွင်း၌ နည်းပညာပြန့်ပွားရေး၊ နိုင်ငံတော်၏အရင်းအမြစ်နှင့် ကုန်ကြမ်းများကို ပိုမိုထိရောက် အကျိုးရှိစွာ အသုံးချပြီး တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ် တင်ပို့ရောင်းချနိုင်ရေး၊ ပြည်ပက ဝင်ရောက်နေသော ကုန်ပစ္စည်းအချို့ကို ပြည်တွင်းထုတ်ကုန်ပစ္စည်းများဖြင့် အစားထိုးပြီး နိုင်ငံခြားငွေသုံးစွဲရမှု သက်သာစေရေးနှင့် ယင်းငွေကြေးကို စက်မှုလက်မှုလုပ်ငန်းသစ်များ ထူထောင်ရာတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးတို့ကို ရည်မှန်းဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဒဂုံမြို့သစ်(မြောက်ပိုင်း)သန္တိ သုခသာသနာ့ဗိမာန်တော်ကြီး
## အလှူတော်ငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

**သန္တိသုခ သာသနာ့ဗိမာန်တော်ကြီး ဒုတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲကို ယမန်နေ့နံနက် ၉နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)(၄၁)ရပ်ကွက် စီးပွားကူးသန်းအဆင့်မြင့်အိမ်ရာရှိ သန္တိသုခသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) အမှူးပြုသော သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ မတည်အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ FISCA Enterprises အမှုဆောင် အရာရှိချုပ် ဦးဇော်မင်းက FISCA Enterprises မှ ဗိမာန်တော်ကြီးပြီးမြောက် အကောင်အထည်ဖော်ဆောင် နိုင်ရန် မတည်လှူဒါန်းသည့် ငွေကျပ်သိန်း ၁၄၀ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

### လှူဒါန်း

ဆက်လက်၍ စီးပွားကူးသန်းအဆင့်မြင့်အိမ်ရာ ကော်မတီအတွင်းရေးမှူး ဦးတင်မြက သန္တိသုခသာသနာ့ဗိမာန်တော်ကြီး၏ သမိုင်းကြောင်းကို ရှင်းလင်းတင်ပြပြီး လှူဒါန်းပွဲကျင်းပရာ FISCA Enterprises ဦးဆောင်နာယက ဦးမောင်မောင်ကြိုင်က အလှူငွေ ကျပ်၁၀သိန်းကိုလည်းကောင်း၊ အုပ်ချုပ်မှု ဒါရိုက်တာ ဦးဇော်ဝိတ်က ငွေကျပ်သိန်း၂၀ကိုလည်းကောင်း၊ ဥက္ကဋ္ဌ ဦးစိုးမြင့်ထွန်းက ငွေကျပ်ငါးသိန်းကို လည်းကောင်း၊ အမှုဆောင် အရာရှိချုပ် ဦးဇော်မင်းက ငွေကျပ်ငါးသိန်းအပါအဝင် အလှူရှင်၄၈ဦးတို့က လှူဒါန်းငွေကျပ် ၁၄၉၉၁၉၀၀ကို လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်တို့က လက်ခံကြသည်။ **(သတင်းစဉ်)**

## ပုသိမ်အသင်း(ရန်ကုန်)
## ဝါဆိုသင်္ကန်း ဆက်ကပ်မည်

**ရန်ကုန် ဇူလိုင် ၂၃**

ပုသိမ်အသင်း (ရန်ကုန်)၏ ပုသိမ်ခရိုင်အတွင်းမှ ရန်ကုန်မြို့တွင် အခြေချ ကျောင်းထိုင်တော်မူသော ပဓာန နာယကဆရာတော် ၂၈ပါးအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ဇူလိုင်၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၂၁/ ၄၃ (စီ) တည်ရှိရာ ရေဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူမြို့နယ်သားများ တက်ရောက်ကြည်ညိုကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားထားသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အလှူရှင်များ ပါဝင်လှူဒါန်းလိုပါက ပုသိမ်အသင်း ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉၈၀-၂၃၃၀၇၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀၀၃၇၀၉၊ ဦးဘအေး ဖုန်း-၀၉-၅၀၁၆၆၁၃၊ ဦးမြင့်ဦး ဖုန်း- ၃၈၁၃၆၁၊ ဦးမြင့်နိုင် ဖုန်း-၀၉-၅၁၂၃၄၁၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀၀၆၁၂၈၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသော ဦးဝင်းဌေး ဖုန်း-၀၉-၈၀၂၀၅၀၄ ၊ ဦးမောင်မောင်ထွေး ဖုန်း-၂၉၄၂၂၇၊ Ex၂၀၅၈၊ ဒေါ်ခင်နွဲ့ ဖုန်း-၂၂၆၇၇၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသက်ဝင်း ဖုန်း-၀၉-၅၁၅၀၁၀၀၊ ပုသိမ်အသင်း (ရန်ကုန်) ဖုန်း-၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



**ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကိုယ်အင်္ဂါချို့ယွင်းသော ကလေးငယ်များနှင့် ချို့တဲ့ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၅ရက်က မြို့နယ်ရုံးခန်းမတွင် ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသား မောင်ဆန်းလင်းအောင်အား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။** (က-ပ)

## မြဝတီရုပ်မြင်သံကြား

**၂၄-၇-၂၀၀၆**
**(တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၃၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ မိုးလေဝသသတင်း
- ၆:၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၂။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နန်းတွင်းရတနာ”** (အပိုင်း-၆၄)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၆။ ကျန်းမာသုတ
- ၁၇။ မေးမြန်းစူးစမ်း
- ၁၈။ အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ ဗုဒ္ဓမြတ်စွာသာသနာအတွက် တစ်ရက်မနား တစ်သက်ကြိုးစားခဲ့သည့်ဆရာတော်
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြိုင်ဟောဝန်ကသိုင်းလုလင်”** ဒုတိယတွဲ (အပိုင်း-၉)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၄-၇-၂၀၀၆**
**(တနင်္လာနေ့)**

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ မြတ်ဗုဒ္ဓ၏မဟာဗုဒ္ဓဝင်
- ၇:၂၅ တေးဂီတအစီအစဉ်
- ၇:၃၀ ကလေးတို့အတွက် လက်ဆောင် (ကြာပန်းနှင့် ဗျိုင်းအရုပ်ခေါက်နည်း)
- ၇:၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၈:၀၀ Music Talk (ဂီတလုလင်ဦးကိုကို၊ ဒေါက်တာဇော်သန်း)
- ၈:၅၀ တေးဂီတအစီအစဉ်
- ၈:၅၅ သာယာချိုအေး (၃၈-ဖြာမင်္ဂလာတေး) (ဒုစရိုက်တရားမြဲရှောင်ရှား)
- ၉:၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၁၀ မေးကြည့်ဖြေကြည့်ပဟေဠိ
- ၉:၃၀ တေးဂီတအစီအစဉ်
- ၉:၃၅ ရှေ့သို့ရည်မှန်းမြန်မာ့စက်မှုလုပ်ငန်း (ပြိုင်ကားထုတ်လုပ်မှု)
- ၉:၅၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၀၀ အောင်မြင်ပျော်ရွှင်ဇနီးမောင်နှံဘဝတွင် (R ဇာနည်နှင့်ဝမ်း)
- ၁၀:၂၀ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာဌာနအကြောင်း သိကောင်းစရာ(အပိုင်း-၁)
- ၁၀:၄၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၅၀ တေးဂီတအစီအစဉ်
- ၁၀:၅၅ ရောင်ပြန်ဟပ်ခြင်း **(မင်းအုပ်စိုး၊ ကုသိုလ်)** (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
- ၁၁:၀၀ ပုံရိပ်ဖမ်းစားဓာတ်ပုံအနုပညာသည်များ (မိုးမင်း Rays)
- ၁၁:၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၃၀ ရွှေစက်တော်ဘေးမဲ့တော
- ၁၁:၃၅ တေးဂီတအစီအစဉ်
- ၁၁:၄၀ ရေငွေ့သုံးဆန်အရောင်တင်စက်
- ၁၂:၀၀ MRTV-4 အပိတ် Logo

**အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြင်ဦးလွင်မြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံခန်းမ၌ ကျင်းပသည့် ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။**
(သတင်းစဉ်)

✡ *ရှေ့ဖုံးမှ*

## တက်ရောက်ချီးမြှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယနေ့နံနက်ဂနာရီတွင် ပြင်ဦးလွင်မြို့ ခုတင် ၂၀၀ဆံ့ ဆေးရုံခန်းမ၌ကျင်းပသည့် ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါ ပြင်ဦးလွင်မြို့ ခုတင်(၂၀၀)ဆံ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ ပြင်ဦးလွင်မြို့ ခုတင်(၂၀၀)ဆံ့ဆေးရုံ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ အလှူရှင်မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## ရှင်းလင်းပြောကြား

အခမ်းအနားတွင် အလှူရှင် ဗိုလ်မှူးမောင်လတ်(ငြိမ်း) စိုးစံလေ့ကျင့်ရေးစခန်းက ဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ အလှူရှင် ဗိုလ်မှူးမောင်လတ်(ငြိမ်း)နှင့် ဇနီး ဒေါ်နန်းယဉ်ယဉ်တို့က ပြင်ဦးလွင်မြို့ ခုတင်(၂၀၀)ဆံ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေကျပ်သိန်း၁၀၀၀ ကို ပေးအပ်လှူဒါန်းကြသည်။

## အဓိကကျ

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ကျေးဇူးတင်စကားပြောကြားရာ၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားနီးနွယ်နေသည့် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းမှု၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များ၊ ပြည်သူများ တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မှုများကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးလုပ်ငန်းများသည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာ မြင့်မားတိုးတက်လျက်ရှိပါကြောင်း။

## လမ်းညွှန်ခဲ့

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ၂၀၀၄ခုနှစ် ဒီဇင်ဘာလ မန္တလေးတိုင်းခရီးစဉ်တွင် ပြင်ဦးလွင်ခုတင် (၁၀၀)ဆံ့ဆေးရုံကို ခုတင်(၂၀၀)ဆံ့ ဆေးရုံအဖြစ်ထားရှိ၍ အထူးကုဌာနများဖြစ်သည့် နှလုံးရောဂါကုဌာန၊ ကျောက်ကပ်ဌာန၊ ထိခိုက်မှုနှင့် ဦးနှောက်အာရုံကြောခွဲစိတ်ကုဌာနများ တိုးချဲ့ထားရှိရန်နှင့် တောင်စခန်းမြို့၊ အနားယူ အပန်းဖြေစခန်းမြို့ဖြစ်သည်နှင့် အညီ ဆေးရုံကိုလည်း စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံယူနိုင်ရန် စီမံတည်ဆောက်ရန် လမ်းညွှန်ခဲ့ပါကြောင်း။

**ပြင်ဦးလွင်မြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် ဗိုလ်မှူးမောင်လတ်(ငြိမ်း) စိုးစံလေ့ကျင့်ရေးစခန်းက ဆေးပဒေသာပင်အတွက် အလှူငွေ ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားစဉ်။**
(သတင်းစဉ်)



## ဖွင့်လှစ်ခဲ့

ပြင်ဦးလွင် ဆေးရုံကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တိုးချဲ့တည်ဆောက်ခဲ့ပြီး ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၁၆ရက်တွင် ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အောင်မြင်စွာ ဖွင့်လှစ်ခဲ့ရာ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ကြွရောက်ချီးမြှင့်ခဲ့ပါကြောင်း။

## အခမဲ့ရရှိ

ဆေးရုံများတွင် စေတနာရှင်ပြည်သူလူထု၏ လှူဒါန်းငွေများဖြင့် ဆေးပဒေသာပင်များ ထူထောင်ပြီး ယင်းဆေးပဒေသာပင်များမှ ရရှိလာသော အတိုးငွေကို ဆင်းရဲနွမ်းပါးသူများအတွက် ဆေးဝါးကုသမှု ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ဆေးပဒေသာပင်များ၏ အကျိုးကျေးဇူးကြောင့်လည်း ဆင်းရဲနွမ်းပါးသောလူနာများ ဆေးဝါးကုသမှု အခမဲ့ရရှိနိုင်နေပြီ ဖြစ်ပါကြောင်း၊ စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုများကြောင့် ဆေးရုံများတွင် ဆေးပဒေသာပင်များ တိုးတက်လျက်ရှိပါကြောင်း။

## လှူဒါန်းခဲ့

ဗိုလ်မှူးမောင်လတ်(ငြိမ်း)နှင့် ဇနီးဒေါ်နန်းယဉ်ယဉ် မိသားစုအနေဖြင့် ပြင်ဦးလွင်ဆေးရုံကြီး တိုးချဲ့ဓာတ်မှန်ဆောင်နှင့် သွေးလှူဘဏ်တို့အတွက် အလှူငွေများ လှူဒါန်းခြင်း၊ အော်တိုအိတ်ချိန်း၊ အထူးသီးသန့်လူနာဆောင်၊ ခွဲစိတ်စက်နှင့် Infusion Pump များ၊ အဝီစိတွင်း၊ ရေတွင်းရေကန်များကိုလည်း လှူဒါန်းခဲ့ပြီးဖြစ်ပါကြောင်း။

## လိုက်လိုက်လှဲလှဲ

ယနေ့တွင်လည်း ဆေးပဒေသာပင်သို့ အလှူငွေကျပ် သိန်းတစ်ထောင် ပေးအပ်လှူဒါန်းကြရာ အလှူရှင်မိသားစုအား ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လိုက်လိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါကြောင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။




**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ အလှူရှင် ဗိုလ်မှူးမောင်လတ်(ငြိမ်း) နှင့် ဇနီး ဒေါ်နန်းယဉ်ယဉ်တို့က ပြင်ဦးလွင်မြို့ ခုတင် (၂၀၀)ဆံ့ ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေကျပ် သိန်း၁၀၀၀ကို ပေးအပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)

## နှုတ်ဆက်အားပေး

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အလှူရှင်တို့အား နှုတ်ဆက်အားပေးသည်။ **(သတင်းစဉ်)**





# မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ရန်ကုန်–သန်လျင်တံတားအနီး ဆိုင်အမှတ်(၀၁၈)ဖွင့်

**ရန်ကုန် ဇူလိုင် ၂၃**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၁၈)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲက ရန်ကုန်တိုင်း သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်းနှင့် သတိပဋ္ဌာန်လမ်းထောင့် ရန်ကုန်–သန်လျင်တံတားအနီးရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်၊ ရန်ကုန်တိုင်း မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်တို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၁၈)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

## ရှင်းလင်းပြသ

ဆက်လက်၍ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုကြရာ အထွေထွေမန်နေဂျာ ဦးသိန်းဌေးနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



စင်ကာပူရှိ ဆေးရုံတစ်ရုံတွင် ကြက်၊ ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးကိရိယာများတပ်ဆင်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# ကြက်၊ ငှက် တုပ်ကွေးတားဆီးကာကွယ်ရေး စင်ကာပူတွင် လေ့ကျင့်မှုများပြုလုပ်

စင်ကာပူ ဇူလိုင် ၂၃

**စင်ကာပူနိုင်ငံတွင် အေဂျင်စီပေါင်းစုံပါဝင်သော ကြက်၊ ငှက်တုပ်ကွေး ကူးစက်ရောဂါ တားဆီးကာကွယ်ရေး လေ့ကျင့်မှုများကို ဇူလိုင် ၂၁ ရက်က စတင်ပြုလုပ်ခဲ့ကြောင်း ဒုတိယဝန်ကြီးချုပ် ဝမ်ကန်ဆင်က ပြောကြားသည်။**

ယင်းသို့ လုပ်ဆောင်ခြင်းသည် စင်ကာပူနိုင်ငံ၏ ကြက်၊ငှက် တုပ်ကွေးရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ ပြင်ဆင်ထားမှုနှင့်တုံ့ပြန်လုပ်ဆောင်မှု ပြုလုပ်ရာတွင် တိုးတက်မှုများရရှိရန်အတွက် နေရာဒေသများရွေးထုတ်မှုကို အထောက်အကူပေးနိုင်သည်ဟု ဝမ်က ပြောကြားသည်။

**ကြိုတင်သတိပေး**

စင်ကာပူနိုင်ငံသည် ကြက်၊ငှက် တုပ်ကွေးကူးစက်ရောဂါဖြစ်ပွားနိုင်သော အလားအလာနှင့် ပတ်သက်၍ အမြဲတမ်းကြိုတင်သတိပေးရမည်ဖြစ်ကြောင်း၊ ကြိုတင်သတိပေးချက်တွင် ထိရောက်သော လေ့လာစောင့်ကြည့်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း၊ ဆေးရုံဆေးပေးခန်းများတွင် အထောက်အကူပြုပစ္စည်းများနှင့် အလုပ်သမားများ ပြင်ဆင်ထားရှိခြင်း၊ ပြည်သူများအား သတိဝီရိယရှိအောင် ပညာပေးလုပ်ဆောင်ခြင်းတို့ ပါဝင်သည်။

**ပါဝင်ဆင်နွှဲ**

ယင်းနှစ်ရက်ကြာ ပြုလုပ်သည့် လေ့ကျင့်မှုတွင်ဝန်ကြီးဌာန၂၁ဌာနမှ ဝန်ထမ်း တစ်ထောင်ကျော်နှင့် အစိုးရ အေဂျင်စီများ၊ ဆေးဘက်ဆိုင်ရာ ဝန်ထမ်း တစ်သောင်းကျော်၊ စေတနာ့ဝန်ထမ်းများ၊ ပြည်သူလူထုများ ပါဝင်ဆင်နွှဲခဲ့ကြသည်။

**အရေးပေါ်လေ့ကျင့်**

စင်ကာပူနိုင်ငံ၏ ပထမဦးဆုံး နိုင်ငံတစ်ဝန်း ပြုလုပ်သော ကြက်၊ငှက် တုပ်ကွေးတားဆီးကာကွယ်ရေး အရေးပေါ်လေ့ကျင့်ရေးများကို လေဆိပ်စစ်ဆေးရေးဂိတ်၊ ကျောင်းများနှင့် ဆေးရုံများ အပါအဝင် နေရာဒေသ ၁၉ နေရာတွင် ပြုလုပ်ခဲ့ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဒေါ်လာ ၂၀၂ သန်းကုန်ကျမည့် လေဆိပ်လေးခု တရုတ်နိုင်ငံ၌ တည်ဆောက်မည်

ပေကျင်း ဇူလိုင် ၂၃

**တရုတ်နိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မရှင် (အင်ဒီအာစီ)သည် ယွမ် ၁ ဒသမ ၆၁၈ဘီလီယံ(အမေရိကန်ဒေါ်လာ ၂၀၂ သန်း)ကုန်ကျမည့် အရပ်ဘက်လေဆိပ်လေးခုကို တည်ဆောက်ရန် အတည်ပြုလိုက်ကြောင်း အင်ဒီအာစီက ကြေညာသည်။**

တရုတ်နိုင်ငံ အနောက်တောင်ဘက် စီချွမ်ပြည်နယ်တွင် တည်ဆောက်မည့် ကင်းဒင်းနှင့် လီရှန်လေဆိပ်အတွက် ယွမ်သန်း ၈၅၀နှင့် ယွမ်သန်း ၁၅၀အသီးသီး လိုအပ်မည်ဖြစ်ကြောင်း အင်ဒီအာစီက ဇူလိုင် ၂၀ရက်၌ ပြောကြားသည်။

**ပြောကြား**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်တွင် တည်ဆောက်မည့် တင်ချွန်လေဆိပ်သည် ယွမ် ၃၂၁ သန်း ကုန်ကျမည်ဖြစ်ပြီး တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟိုင်လွန်းကျင်ပြည်နယ်တွင် တည်ဆာက်မည့် ဒါကျင်လေဆိပ်သည် ယွမ် ၁၉၇ သန်းကုန်ကျမည်ဖြစ်ကြောင်း ကော်မရှင်က ပြောကြားသည်။

အင်ဒီအာစီနှင့် တရုတ်မြို့ပြ လေကြောင်းဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးအဖွဲ့(စီအေအေစီ)တို့သည် နိုင်ငံ၏ တိုးတက်လာသည့် လေကြောင်းဆိုင်ရာ လိုအပ်မှုကို ဖြည့်ဆည်းနိုင်ရန်အတွက် ကြီးမားသည့်လေဆိပ် တည်ဆောက်ရေးကို စဉ်းစားခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြပါရှိသည်။

လောလောဆယ်တွင် တရုတ်ပြည်မကြီး၌ အရပ်ဘက်လေဆိပ်ပေါင်း ၁၄၂ခုရှိကြောင်း ဆင်ဟွာက ဖော်ပြသည်။

**တိုးချဲ့တည်ဆောက်**

တရုတ်နိုင်ငံသည် လာမည့်ငါးနှစ်အတွင်း လေဆိပ်များ တည်ဆောက်ခြင်းအတွက် ယွမ်ဘီလီယံ ၁၄၀ သုံးစွဲသွားမည်ဟု ခန့်မှန်းထားပြီး ယင်းကာလအတွင်း လေဆိပ်ကြီးများနှင့် အလယ်အလတ်ရှိလေဆိပ်များ တိုးချဲ့တည်ဆောက်ရန်နှင့် ပြန်လည်ပြုပြင်ရန် စီမံကိန်းများချမှတ်ထားကြောင်း ဆင်ဟွာကဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**



**လတ်ဗီးယားနိုင်ငံ စကူတီဆိပ်ကမ်းတွင် သေဆုံးပြီး ရေပေါ်ပေါ်နေသော အရှည် ၃၃ ပေ၊ အလေးချိန် ၁၀ တန်ရှိသည့် ဝေလငါးတစ်ကောင်ကို ဇူလိုင် ၂၁ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ဘီလစ်မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် တရုတ်၌ သေဆုံးသူဦးရေ ၅၃၀ အထိရှိလာ

ပေကျင်း ဇူလိုင် ၂၃

**တရုတ်နိုင်ငံတွင် အပူပိုင်းမုန်တိုင်းဘီလစ် ဝင်ရောက်တိုက်ခတ်မှုကြောင့် သေဆုံးသူဦးရေ ၅၃၀အထိ ရောက်ရှိခဲ့သည်။** (အောက်ပုံ)

ကွမ်စီကျောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လူ ၃၀ သေဆုံးပြီး တခြားသုံးဦး ပျောက်ဆုံးနေစဉ် တောင်ပိုင်း ကွမ်တုံပြည်နယ်တွင် သေဆုံးသူ အရေအတွက်သည် ၆၃ဦး အထိရှိခဲ့ကြောင်းဒေသဆိုင်ရာ အာဏာပိုင်များက ဇူလိုင် ၂၀ ရက်က ပြောကြားသည်။

ဟူနန်ပြည်နယ်တွင် ၈၂ဦးနှင့် ဖူကျန်းပြည်နယ်တွင် ၄၃ဦး အသီးသီး သေဆုံးခဲ့ရသည်။

**ပျောက်ဆုံးနေ**

တရုတ်နိုင်ငံ၏ တောင်ပိုင်းနှင့် အရှေ့ပိုင်းပြည်နယ်များတွင် အနည်းဆုံး လူ ၁၅၆ဦးသည် ယခုတိုင်ပျောက်ဆုံးနေပြီး လူ၂၆ဒသမ၄၅သန်း ထိခိုက်နစ်နာခဲ့ရကြောင်း ပြည်သူ့ရေးရာဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

**မိုးသည်းထန်**

မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမိုးမှုကြောင့် အိမ်ခြေ ၂၁၂၀၀၀ ပြိုကျခဲ့ပြီး အိမ်ခြေ ၂၈၇၀၀၀ပျက်စီးခဲ့ကာ ဒေသခံ ၂ ဒသမ ၈၇ သန်းသည် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည်။ စီးပွားရေးဆုံးရှုံးမှုသည် အမေရိကန် ဒေါ်လာ ၁ ဒသမ ၁ဘီလီယံရှိကြောင်း ကွမ်တုံပြည်နယ် ရေလွှမ်းမိုးမှု ထိန်းချုပ်ရေးဌာနချုပ်မှ ထုတ်ပြန်ခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**



# ကုလဝန်ထမ်းနှင့်မိသားစု ဂျော်ဒန်သို့ပြောင်းရွှေ့

**အမ္မန် ဇူလိုင် ၂၂**

အစ္စရေးတို့က ဗုံးကြဲတိုက်ခိုက်နေသဖြင့် ကုလသမဂ္ဂဝန်ထမ်းနှင့် ၎င်းတို့၏မိသားစု ၆၀၀ ခန့်ကို လက်ဘနွန်မှ ပြောင်းရွှေ့စေခဲ့သဖြင့် ဂျော်ဒန်သို့ ရောက်ရှိ လာခဲ့ပြီဖြစ်ကြောင်း ဂျော်ဒန်တိုင်းမ် သတင်းစာက ဇူလိုင် ၂၀ရက်တွင် ဖော်ပြသည်။

အဆိုပါဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုသည် လောလောဆယ် ဂျော်ဒန်ရှိ ဟိုတယ်များတွင် တည်းခိုနေကြကြောင်း၊ ကုလသမဂ္ဂဌာနချုပ်က မဆုံးဖြတ်သေးမီအထိ ယင်းနေရာတွင်ပင် ရှိနေဦးမည်ဖြစ်ကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး အမဲလ်တာတီယာက ပြောကြားသည်။

လက်ဘနွန်တွင် အလုပ်လုပ်နေသည့် အရာရှိအချို့ ရှိနေဆဲဖြစ်ကြောင်း၊ ကုလသမဂ္ဂက ၎င်းတို့အတွက် လုံခြုံမှုရှိသည်ဟု ယူဆထားသဖြင့် အချိန်ကြာမြင့်စွာ ဆက်လက်ကျန်ရှိနေဦးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လက်ဘနွန် နိုင်ငံရှိ ကုလသမဂ္ဂဆိုင်ရာရုံးများတွင် နိုင်ငံတကာဝန်ထမ်းနှင့် မှီခိုသူ ၆၀၀ကျော်၊ လက်ဘနွန်ဝန်ထမ်းနှင့် မှီခိုသူ ၁၂၀၀ ကျော်ရှိကြောင်း ဆင်ဟွာက ဖော်ပြသည်။

လက်ဘနွန်တွင် ကုလသမဂ္ဂအမှုထမ်းတစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိခြင်းမရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက အတည်ပြုပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဥရောပတစ်ဝန်း အပူလှိုင်းကျရောက်

ပါရီ ဇူလိုင် ၂၃

**ပြင်သစ်နိုင်ငံ၌ အပူလှိုင်းကျရောက်လျက်ရှိရာ ၁၅လသားကလေးတစ်ဦးအပါအဝင် လူ ၂၀ကျော်သေဆုံးသွားကြောင်း၊ ဥရောပတစ်ဝန်း အပူလှိုင်းကျရောက်နေရာ အပူချိန်ကျဆင်းမည့်လက္ခဏာမရှိဘဲ ပူအိုက်ပူစပ် ဖြစ်နေကြကြောင်း ရိုက်တာ၌ဖော်ပြသည်။**

**အပူချိန်မှာ ယခင်ရက်များကထက် မြင့်တက်ခြင်းမရှိသော်လည်း သတိထားကြရန် အာဏာပိုင်များက သတိပေးထားသည်။**

**အင်္ဂလန်တောင်ပိုင်းတွင် အဆိုးရွားဆုံး မိုးခေါင်နေပြီး ယခုသီတင်းပတ်အစောပိုင်းက အပူချိန် ၉၇ ဒသမ ၃ ဖာရင်ဟိုက်ရှိခဲ့သည်ဟုဆိုသည်။**

**၂၀၀၃ခုနှစ်က နောက်ဆုံး အပူလှိုင်းမှာ ပြင်သစ်၌ ကျရောက်ရာ တစ်လကြာခဲ့၍ သက်ကြီးရွယ်အို ၁၅၀၀၀သေဆုံးခဲ့ရသည်ဟုဆိုသည်။**

အမ်အင်အေ၊ရိုက်တာ




## နားမကြားသူများ အကသင်တန်း

**တရုတ်နိုင်ငံ ဟန်ကျိုးမြို့ရှိ သင်တန်းကျောင်းတွင် နားမကြားသူများအား အကသင်တန်းပေးနေသည်ကို ဇူလိုင် ၂၀ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## ဗီယက်နမ်၏ ပြည်ပသို့လက်ဖက်တင်ပို့မှု ဒေါ်လာသန်း၁၁၀ ရရှိမည်မျှော်မှန်း

ဟန်နွိုင်း ဇူလိုင် ၂၃

**ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် လက်ဖက်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း၁၁၀ရရှိမည်ဟု မျှော်လင့်ထားပြီး လွန်ခဲ့သည့်နှစ်ထက် ၁၀ရာခိုင်နှုန်း မြင့်တက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ဇူလိုင် ၂၁ရက်တွင် ပြောကြားသည်။**

ဗီယက်နမ်သည် တရုတ်၊ ထိုင်း၊ အမေရိကန်ပြည်ထောင်စု၊ ရုရှားနှင့် ဥရောပသမဂ္ဂနိုင်ငံများ အပါအဝင် အဓိကဈေးကွက်အချို့သို့ လက်ဖက်တင်ပို့မှုကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ဒေသခံလုပ်ငန်းကုမ္ပဏီများသည် လောလောဆယ်တွင် တရုတ်နိုင်ငံသို့ ကုန်ကြမ်းအစား ကုန်ချောရောင်းချမှုကို ပိုမိုဆောင်ရွက်လျက်ရှိပြီး တရုတ်စီးပွားဖက်များနှင့် ရေရှည်ဆက်သွယ်မှု ပိုမိုရရှိရေးနည်းလမ်းများ ရှာဖွေလျက်ရှိသည်။

### တင်ပို့

၂၀၀၅ခုနှစ်တွင် ဒေါ်လာသန်း ၁၀၀တန်ဖိုးရှိ လက်ဖက်တန်ချိန် ၈၉၀၀၀တင်ပို့ခဲ့သော ဗီယက်နမ်သည် ယခုနှစ်၏ ပထမခြောက်လတွင် ဒေါ်လာသန်း ၄၀တန်ဖိုးရှိ လက်ဖက်တန်ချိန် ၄၁၀၀၀ကို နိုင်ငံခြားသို့ သင်္ဘောဖြင့်တင်ပို့ခဲ့ပြီး နှစ်အလိုက်အားဖြင့် ၂၇ဒသမ၄ရာခိုင်နှုန်းနှင့် ၁၈ရာခိုင်နှုန်း အသီးသီးရှိခဲ့ကြောင်း အထွေထွေစာရင်းအင်းရုံး၏ ကိန်းဂဏန်းများတွင် ဖော်ပြပါရှိသည်။

### ထုတ်လုပ်

၂၀၀၅ခုနှစ် နှောင်းပိုင်းအထိ လက်ဖက်တင်ပို့သည့်ကုမ္ပဏီ ၂၃၄ခု အပါအဝင် ဟက်တာ ၁၂၅၀၀၀ရှိ လက်ဖက်ခင်း ၆၀၀က နှစ်စဉ်လက်ဖက်တန်ချိန် ၅၇၇၀၀၀ပမာဏထုတ်လုပ်ပေးခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

## ဘဂ္ဂဒက်၌ တိုက်ခိုက်မှုများကြောင့် နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဇူလိုင် ၂၁ ရက်က တိုက်ခိုက်မှုများကြောင့် လူနှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားကြောင်း၊ ထို့ပြင် အလောင်း လေးလောင်းကိုလည်း တွေ့ရှိခဲ့ရသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

အရှေ့တောင်ပိုင်းရှိ ဆွန်နီဇလီ အပြင်ဘက်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး တစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ပြောကြားသည်။

### သေဆုံး

ထိုအချိန်တွင် ဘဂ္ဂဒက်မြို့တောင်ပိုင်း ဒိုဟာဒေသရှိ ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းတစ်ဦးမှာ ၎င်း၏အိမ်ရှေ့တွင် သေနတ်သမားများ ပစ်ခတ်သဖြင့် သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ပြောကြားသည်။

ထိုစဉ် ဘဂ္ဂဒက်မြို့၏ အချို့နေရာများတွင် မျက်နှာ၌ အဝတ်စည်းထားသည့် လူသေအလောင်း လေးလောင်းကို အီရတ်ရဲတပ်ဖွဲ့က တွေ့ရှိခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## လက်ဘနွန်ကိုဝင်ရောက်တိုက်ခိုက်မှုအဆုံးသတ်ရန် လက်တင်အမေရိကနိုင်ငံများတိုက်တွန်း

မက္ကဆီကိုစီးတီး ဇူလိုင် ၂၂

လက်ဘနွန်ကို တိုက်ခိုက်လျက်ရှိသည့် အစ္စရေး၏ လုပ်ရပ်များအား လက်တင်အမေရိကနိုင်ငံများက ဇူလိုင် ၁၉ရက်က ပြစ်တင်ကန့်ကွက်လိုက်ပြီး ပိုမိုအရှိန်မြင့်လာသည့် အဆိုပါအကျပ်အတည်းကို ကာကွယ်ရန်အတွက် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့များ ချက်ချင်းစေလွှတ်ရန် စပိန်နိုင်ငံကလည်း တိုက်တွန်းလိုက်သည်။

### တိုက်တွန်း

ဘရာဇီး၊ မက္ကဆီကို၊ ဗင်နီဇွဲလား၊ အီကွေဒေါ၊ ချီလီ၊ ပီရူး၊ ဥရုဂွေး၊ နီကာရာဂွာနှင့် အယ်လ်ဆာဗေဒို နိုင်ငံများကလည်း အရပ်သား ၃၀၀ကျော် သေဆုံးပြီး ထောင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည့် လက်ဘနွန်ကို ဗုံးကြဲတိုက်ခိုက်သည့် လုပ်ရပ်များကို အဆုံးသတ်ရန် အစ္စရေးကို တိုက်တွန်းပြောကြားခဲ့သည်။

### အဆက်အသွယ်ပြုလုပ်

နိုင်ငံအများစုကလည်း လောလောဆယ် လက်ဘနွန်တွင် ရှိနေကြသည့် ၎င်းတို့၏ နိုင်ငံသားများ ပြောင်းရွှေ့ရေးအတွက် အကူအညီရရှိရန် အစ္စရေး၊ လက်ဘနွန်၊ ဆီးရီးယားနှင့် တူရကီရှိ အာဏာပိုင်များနှင့် အဆက်အသွယ်ပြုလုပ်လျက်ရှိသည်။

### ဝိုင်းရံပိတ်ဆို့

အစ္စရေးလက်နက်ကိုင် တပ်ဖွဲ့များသည် ဟစ်ဇ်ဘိုလာလက်နက်ကိုင်တိုက်ခိုက်ရေးသမားများက အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦးကို ဖမ်းဆီးခဲ့ပြီးနောက် လက်ဘနွန်မြို့တော် ဘေရွတ်ကို တိုက်ခိုက်ပြီး လက်ဘနွန်ဆိပ်ကမ်းများကိုလည်း ဝိုင်းရံပိတ်ဆို့ထားခဲ့ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**



## အစ္စရေးဂျက်လေယာဉ်များဗုံးကြဲ လက်ဘနွန်နိုင်ငံသား ၃၅၀ကျော် သေဆုံး

ဘေရွတ် ဇူလိုင် ၂၃

အစ္စရေးစစ်ဘက် ဂျက်လေယာဉ်များက ဆိုင်ဒွန်မြို့နှင့် ဘေရွတ်မြို့ရှိ ဟစ်ဇ်ဘိုလာ ပြောက်ကျားများရှိနိုင်လိမ့်မည့်နေရာများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

လက်ဘနွန်တောင်ပိုင်းရှိ ဆိပ်ကမ်းမြို့ဖြစ်သော ဆိုင်ဒွန်မြို့ကို အစ္စရေးဂျက်ယာဉ်များက ပထမဆုံး လေကြောင်းမှတိုက်ခိုက်စဉ်အတွင်း လူ ၁၄ ဦး ဒဏ်ရာရရှိခဲ့သည်။

ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အကြီးအကဲ ဂျန်အီဂျယ်လန်သည် ဘေရွတ်မြို့ရှိ ဗုံးကြဲထားမှုကြောင့် ပြိုကျပျက်စီးနေသော အဆောက်အအုံအပျက်များရှိရာသို့ သွားရောက်ခဲ့သည်။

### ဥပဒေချိုးဖောက်

ထိုသို့ပျက်စီးရာ ပျက်စီးကြောင်း လေကြောင်းမှတိုက်ခိုက်နေခြင်းသည် လူသားချင်းစာနာထောက်ထားခြင်းဥပဒေကို ချိုးဖောက်နေခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ထိုအတောအတွင်း ဟစ်ဇ်ဘိုလာတို့က အစ္စရေးရှိ ဟိုင်ဖာမြို့ကို ဒုံးကျည်များဖြင့်ပစ်ခတ်ရာ အနည်းဆုံးလူနှစ်ဦး သေဆုံးခဲ့သည်။

ဇူလိုင် ၁၂ရက်က ဟစ်ဇ်ဘိုလာတို့က အစ္စရေးစစ်သားနှစ်ဦးကို ဖမ်းဆီးခဲ့ရာမှ စစ်ပွဲဖြစ်ပွားလျက်ရှိရာ ၁၁ ရက်အကြာတွင် အရပ်သားအများစုပါဝင်သည့် လက်ဘနွန်နိုင်ငံသား ၃၅၀ကျော် သေဆုံးခဲ့ပြီဖြစ်သည်။

### သေဆုံးခဲ့ရ

ဟစ်ဇ်ဘိုလာတို့က အစ္စရေးနိုင်ငံထဲသို့ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သဖြင့် အရပ်သား ၁၇ဦး အပါအဝင် အစ္စရေး ၃၆ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## သွားတိုက်ခံနေသောရေမြင်း

**သွားတိုက်ခံနေသော ရေမြင်းတစ်ကောင်ကို တွေ့ရစဉ်။** (ယာပုံ)

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်တစ်ခုတွင် ရေမြင်း တစ်ကောင်အား ၎င်း၏ ထိန်းကျောင်းသူက သွားတိုက်ပေးနေခြင်း ဖြစ်သည်။

**(အင်တာနက်)**

## အလွန်သေးငယ်သော ပေသီးတွက်ခုံ

**အလွန်သေးငယ်သော ပေသီးတွက်ခုံပါ ငွေလက်စွပ်တစ်ကွင်းကို တွေ့ရစဉ်။** (ဝဲပုံ)

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်တွင် လူတစ်ဦးသည် ကျင်မင်းဆက်(၁၆၄၄-၁၉၁၂)မှ ငွေလက်စွပ်ပေါ်ရှိ ပေသီးတွက်ခုံကို အပ်ဖြင့် တွက်ချက်နေခြင်းဖြစ်သည်။ ယင်းပေသီးတွက်ခုံသည် အရှည် ၁ဒသမ၂ စီစီ၊ အကျယ် ၀ဒသမ၇ စီစီရှိပြီး လူ့လက်မထက် သေးငယ်သည်။ **(အင်တာနက်)**



# ကရင်ပြည်နယ်ရှိ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းဆက်ကပ် စာသင်ကျောင်းများ စာသင်ခုံနှင့် ကျောင်းသုံးစာအုပ်များ လှူဒါန်း ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများဖွင့်

နေပြည်တော် ဇူလိုင် ၂၃

**သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင် ဘားအံမြို့သို့ ရောက်ရှိသည်။ ထို့နောက် မွန်းလွဲ ၂ နာရီတွင် ဝန်ကြီးနှင့်အတူ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် ပြည်နယ်မှ တာဝန်ရှိသူများလိုက်ပါလျက် တောင်ကလေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ရောက်ရှိပြီး တောင်ကလေး ပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပညာသာမိအား သွားရောက်ဖူးမြော်ပြီး ဝါဆိုသင်္ကန်းနှင့် ကျောင်းအတွက် ကျောင်းသုံးစာအုပ်များ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။**

ဆက်လက်၍ ဝန်ကြီးသည် တောင်တန်းသာသနာပြု ဗဟိုကျောင်းသို့သွားရောက်ပြီး ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနရိန္ဒအား ဖူးမြော်ပြီး ဝါဆိုသင်္ကန်း၊ မူလတန်း ပြဋ္ဌာန်းစာအုပ်နှင့် ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မဲဘောင်ကျောင်းတိုက်သို့ သွားရောက်၍ နိုင်ငံတော် သြဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ သက်တော်ရှည် ဆရာတော် ဘဒ္ဒန္တကုမာရ ဝိဇ္ဇာလင်္ကာရအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီးအား ဝါဆိုသင်္ကန်း၊ ဆေးဝါးနှင့် နဝကမ္မအလှူတော်ငွေကျပ်တစ်သိန်းကို လှူဒါန်းသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ဘားအံမြို့မှ လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြစ်ပြကျေးရွာ ဒိုင်းပြအလယ်တန်းကျောင်းသို့ ရောက်ရှိသည်။ ထို့နောက် လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြ အခြေခံပညာအလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းများအတွက် သင်ကြားမှုအထောက်အကူပြု စာသင်ခုံများ၊ စာကြည့်တိုက်များအတွက် စာအုပ်၊စာတမ်းနှင့် မူလတန်းစာအုပ်၊ စာတမ်းများပေးလှူပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကား ပြောကြားသည်။

ထို့နောက် ဒိုင်းပြအခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာမူလတန်း ခုနစ်ကျောင်းအတွက် စာသင်ခုံ ၁၇၀ နှင့် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များ၊ မူလတန်းကျောင်း ခုနစ်ကျောင်းအတွက် ကျောင်းသုံးစာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းဝင်းမြင့်ကြည်က လက်ခံသည်။

### အသင်းဝင်များအားတွေ့ဆုံ

ယင်းနောက် ဝန်ကြီးသည် လှိုင်းဘွဲ့မြို့နယ် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ပဓာန နာယက ဆရာတော် ဦးဥတ္တမလင်္ကာရအား သွားရောက်ဖူးမြော်၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဝန်ကြီးသည် ဒိုင်းပြကျေးရွာရှိ ရပ်မိရပ်ဖများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအား တွေ့ဆုံ အမှာစကားပြောကြားသည်။

ဆက်လက်၍ဝန်ကြီးသည်ဘားအံ တက္ကသိုလ်သို့ရောက်ရှိပြီး ဘားအံ တက္ကသိုလ် စာကြည့်တိုက်အတွက် စာအုပ်လှူဒါန်းပွဲနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ တက္ကသိုလ်ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အမှာစကားပြောကြားသည်။

### ပေးအပ်

ထို့နောက် ဝန်ကြီးက တက္ကသိုလ် စာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းရာ ဒုတိယပါမောက္ခချုပ် ဦးမြသိန်းက လက်ခံသည်။ ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် အဆိုပြုလွှာ ၂၀၄၃ စောင်ကို ဒုတိယပါမောက္ခချုပ် ဦးမြသိန်းက ပေးအပ်ရာ ဝန်ကြီးက လက်ခံသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် အစိုးရ ကွန်ပျူတာကောလိပ်သို့ရောက်ရှိ၍ ကွန်ပျူတာကောလိပ် စာကြည့်တိုက်အတွက် စာအုပ်လှူဒါန်းပွဲနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။ ယင်းနောက် အစိုးရကွန်ပျူတာကောလိပ် စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းကာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၆၀၀ ကို လက်ခံယူသည်။

ထို့နောက် ဝန်ကြီးသည် သူနာပြုသင်တန်းကျောင်းသို့ ရောက်ရှိ၍ သူနာပြုသင်တန်းကျောင်း စာကြည့်တိုက်နှင့် ကျောင်းအတွက် ငွေပဒေသာပင် စိုက်ထူပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကား ပြောကြားသည်။ ဆက်လက်၍ သူနာပြုသင်တန်းကျောင်း စာကြည့်တိုက်အတွက် စာအုပ်စာတမ်းနှင့် ငွေပဒေသာပင်အတွက် ငွေကျပ် ၁၅ သိန်းကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းအေးလှိုင်က လက်ခံသည်။ ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အသင်းဝင်အဆိုပြုလွှာ ၁၄၆ စောင်ကို ဝန်ကြီးက လက်ခံသည်။

### ပညာရည်မြင့်မားရေး

ထို့နောက် ဝန်ကြီးသည် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးနှင့် ဌာနဆိုင်ရာများ လိုက်ပါလျက် ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ဘားအံမြို့နယ် လှာကာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားတွင် ကျောင်းအုပ်ကြီး ဦးစောအောင်ဘနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူများ တွေ့ဆုံပွဲနှင့် သင်ထောက်ကူပစ္စည်းများ၊ ကျောင်းအတွက် အလှူငွေများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ် VCD, CD များကို လည်းကောင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ကွန်ပျူတာ ငါးလုံးကို လည်းကောင်း၊ ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကိုကိုကြီးက DVD စက် တစ်စုံကို လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးစောအောင်ဘက လက်ခံသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပရာ မြိုင်ကလေး တန် ၄၀၀၀ ကျ ဘိလပ်မြေစက် စက်ရုံမှူး ဗိုလ်မှူးကြီးသိန်းတန်က ငွေကျပ် ၃၃ သိန်း၊ မြိုင်ကလေး တန် ၈၀၀ ကျ အမှတ်(၁)ဘိလပ်မြေစက်ရုံမှ စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီးငွေဝင်းက ငွေကျပ် ၁၅ သိန်း၊ စေတနာရှင် မိဘပြည်သူများက လှူဒါန်းငွေကျပ်၃၂သိန်း စုစုပေါင်း အလှူငွေကျပ်သိန်း ၈၀ ကို ကျောင်းအုပ်ဆရာကြီး ဦးစောအောင်ဘက လက်ခံသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သူရမြင့်မောင်က ကျေးဇူးတင် အမှာစကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဒေါ့ကြောင့်ပါလား

* မြစ်ရေဖြတ်သန်း၊ မုန်းမန်းချောင်းဖြတ်ကျော်
ညီငယ်ပျော်ရာ၊ ရေနောက်ကမ်း
စိမ်းလန်းလွင်ပြင်၊ စလင်းခွင်ကို
တမင်သွားရောက်
တစ်ထောက်ရပ်နား၊ ညီဘွားရပ်မြေ
ခြေနေရပ်ရပ်၊ အကဲခတ်ခဲ့။

* မှတ်မှတ်ထင်ထင်၊ စလင်းခွင်ကို
ယခင်ရှေးခါ၊ သွားလာခဲ့စဉ်
မြစ်ပြင်ရေဝ၊ ဖြတ်ကျော်ရာနှင့်
ဆင့်ကာမုန်းမန်း၊ ဖြတ်သန်းဖို့ရာ
ကူးတို့ပါမှ၊ ရောက်ခဲ့ရ၏။

* ခုများခုခါ၊ ရေမုန်းမန်း
ဖြတ်သန်းထိုးထား၊ တံတားများနှင့်
လမ်းများပြေချော၊ လမ်းကြောသာယာ
သွားလာယှက်လှယ်၊ ကားငယ်ကားကြီး
ခရီးတွင်စွာ၊ သွားနေတာကို
သေချာမြင်ရ၊ ဝမ်းသာလှ၏။

* သွားရင်းလာရင်း၊ ဤမြင်ကွင်းမှာ
နစ်မျောကာဖြင့်၊ ဆရာသခင်
ဟိုယခင်က၊ သူမြင်ချင်တာ
ဖွင့်ကာနှုတ်ဖျား၊ **“တံတားဖြတ်ကူးမင်းဘူး မကွေး၊ လုပ်ပေးနိုင်ကကောင်းလေစွ”**ဟု၊ မြွက်ဟဆိုဟန်
စကားသံသည်၊ လွင့်ပျံရောက်လာ
နားမှာလာထိ၊ ကြားယောင်မိခဲ့။

* သြော်– ဆရာသခင်
သူမြင်ချင်တာ၊ ဒေါ့ကြောင့်ပါလား
သွားလာပျော်ရွှင်၊ ဝန်းကျင်ဝဲယာ
ရှိနေတာကို၊ သေချာတွေ့မြင်
ကြည့်ရှုရွှင်စိတ်ဓာတ်၊ သိအမှတ်ဖြင့်
မှတ်ချက်ပြုလိုက်မိပါ၏။ ။

ဖိုးဝ



# ဗဟန်း ငါးထပ်ကြီးအနောက်ရပ်ကွက် နယ်လှည့်စာဖတ်ခန်း ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၂၃**

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဇူလိုင် ၂၂ ရက်က ငါးထပ်ကြီး အနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ နယ်လှည့်စာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အသင်းအဖွဲ့မှပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ငါးထပ်ကြီး အနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်တင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

### ဖွင့်လှစ်ပြသ

ဆက်လက်၍ ငါးထပ်ကြီး အနောက်ရပ်ကွက်အတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ ရုံးတို့တွင် နယ်လှည့်စာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများ ဖွင့်လှစ်ပြသကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# လူတို့၏ရောဂါဖြစ်ပွားမှုအခြေအနေများ မျက်စိ၌ထင်ဟပ်

**လူတို့တွင် ဖြစ်ပွားတတ်သည့် ရောဂါအမျိုးအပြား၏ ရောဂါဖြစ်ပွားနေခြင်း သင်္ကေတအမှတ်အသားများ မျက်စိ၌ ထင်ဟပ်လေ့ရှိကြောင်း၊ မျက်စိကို ဦးစွာပထမ စမ်းသပ်ကြည့်ခြင်းဖြင့် ရောဂါဖြစ်ပွားမှုအနေအထားကို အကြမ်းဖျင်းသိရှိနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားလိုက်သည်။**

**အင်တာနက် သတင်းနှင့်ဓာတ်ပုံ**



### ထူးခြားနေ

**သွေးတိုးရောဂါ ဖြစ်ပွားမှုလက္ခဏာအဖြစ် သွေးပေါင်ချိန်မြင့်မားနေသည့်အခါ လူတို့၏ မျက်စိသည် ပုံမှန်အနေအထားမဟုတ်ဘဲ ထူးခြားနေတတ်ကြောင်း၊ ထို့အတူ နှလုံး၊ အသည်း၊ ကျောက်ကပ်ရောဂါဖြစ်ပွားမှုကိုလည်း မျက်စိတွင် ရောဂါဖြစ်ပွားမှု၏လက္ခဏာများ သေချာစွာ စစ်ဆေးကြည့်ရှုလျှင် သိရှိနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။**

**မျက်စိအတွင်းရှိ မှန်ဘီလူးများကို လေ့လာသည့်အခါတွင်လည်း အနှောင့်အယှက်ဖြစ်စေသော ရောင်ခြည်များ ထိခိုက်မိထားသည့် အနေအထားသဖွယ် ဖြစ်နေကြောင်း သုတေသန အဖွဲ့ခေါင်းဆောင် ဒေါက်တာ လီရိုစတိန်းက ပြောကြားသည်။**

### သိရှိနိုင်

**ထို့အတူ အယ်ဒိုင်းမားရောဂါဖြစ်ပွားမှု အခြေအနေကိုလည်း စစ်ဆေးတွေ့ရှိနိုင်ကြောင်း၊ သွေးပေါင်ချိန် အလွန်များပြားသည့် သူများအနေဖြင့် မျက်စိအမြင်ကို ထိခိုက်မှုဖြစ်ပွားစေနိုင်အောင် ဒုက္ခပေးသည့် မျက်စိအတွင်း သွေးကြောများ ပြတ်တောက်ပျက်စီးမှုကိုလည်း ကြိုတင်စစ်ဆေးကြည့်ရှုလျှင် သိရှိနိုင်ကြောင်း ၎င်းက ပြောကြားသည်။**

**လူတို့၏ ကိုယ်ခန္ဓာအတွင်း ရောဂါများဖြစ်ပွားမှု အနိမ့်၊ အမြင့် အနေအထားနှင့် လူတို့၏မျက်စိ အခြေအနေဆက်စပ်မှု မည်မျှအထိရှိသည်ကို ယခုထက် အသေးစိတ်သိရှိနိုင်ရေး သုတေသနပြုမှုများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဒေါက်တာ လီရိုစတိန်းက ပြောကြားသည်။**

(ကိုးကား–အင်တာနက်)

# မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)ဈေးရောင်းပွဲတော်နှင့် ပျော်ပွဲ ရှင်ပွဲဖွင့် တိုင်းဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲယှဉ်ပြိုင်

ရန်ကုန် ဇူလိုင် ၂၃

**မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး)ဘဏ္ဍာရာကြံရေးအဖွဲ့နှင့် အမျိုးသမီးအဖွဲ့တို့က စီစဉ်ကျင်းပသော ဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရှင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက်က မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး)၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အားပေးသည်။**

### တက်ရောက်

ရှေးဦးစွာ အခမ်းအနား အစီအစဉ်အရ မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေး) ၏ ဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရှင်ပွဲကို မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး)နာယက ပါမောက္ခ ဒေါ်ကြူကြူဆွေနှင့် ပါမောက္ခ ဒေါ်ညွှန့်ညွှန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရှင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



### ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေး) တတိယထပ်ရှိ ပိတောက်ခန်းမ၌ကျင်းပသော ၂၀၀၆ ခုနှစ် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲသို့ ရောက်ရှိကြပြီး ခန်းမအတွင်း မြို့နယ်အသီးသီးမှ အားကစားသမားများ စစ်တုရင်ပြိုင်ပွဲယှဉ်ပြိုင်ကစားကြပုံများကို ကြည့်ရှုအားပေး **(အပေါ်ပုံ)** ကာ တာဝန်ရှိသူများကို တိုင်းဂုဏ်ဆောင် အားကစားသမားများမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တိုင်းဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲတွင် မြို့နယ် ၁၃ မြို့နယ်မှ စစ်တုရင်အားကစားသမား ၇၈ ဦးပါဝင် ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံဆိုင်ရာ အီရန်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်ရန်သဘောတူညီ

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက်၊ အဗ္ဗဒယ်လ် ဟာမစ်၊ မီနေစီးနေရာတွင် မစ္စတာ ရှော့ဆက်ဖ်ကာမဲလ် ဘူးထရို့စ်ဟန်နာအား ခန့်အပ်ရန် သဘောတူညီလိုက်ပြီးဖြစ်သည်။

### တာဝန်ထမ်းဆောင်

မစ္စတာ ရှော့ဆက်ဖ်ကာမဲလ် ဘူးထရို့စ်ဟန်နာသည် ၁၉၅၈ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၁ ခုနှစ်တွင် ကိုင်ရိုတက္ကသိုလ်မှ စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံဘွဲ့ကို ရရှိခဲ့သည်။ သံတမန်အဖြစ် ဂါနာ၊ မော်လတာ၊ အီကွေဒေါနှင့် ဟောင်ကောင်မြို့များရှိ အီဂျစ်သံရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ ၎င်းသည် ကိုင်ရို၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ တရုတ်နှင့် မွန်ဂိုလီးယားဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး ဘာသာစကားအနေဖြင့် ပြင်သစ်နှင့် အင်္ဂလိပ်စာကို တတ်မြောက်သည်။

မစ္စတာ ရှော့ဆက်ဖ်ကာမဲလ် ဘူးထရို့စ်ဟန်နာသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး ၎င်းတွင် သမီးသုံးဦးရှိသည်။ **(သတင်းစဉ်)**


**ဓမ္မဒူတတောရရိပ်သာ ခုနစ်ရက် တရားစခန်း**

**ရန်ကုန် ဇူလိုင် ၂၃**

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရရိပ်သာ ကျောင်းတိုက်၌ ပဓာနနာယကဆရာတော်ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရ အရှင်သူမြတ်က ဩဂုတ် ၁ ရက်မှ ၇ ရက်အထိ ဝိပဿနာအလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသူ ယောဂီများသည် ဇူလိုင် ၃၁ ရက် ညနေအရောက် လာရောက်ကြရန်နှင့် ရိပ်သာ ဖုန်း-၀၅၂-၂၄၅၅၀၊ ၀၉-၅၁-၀၄၄၆၉ သို့ ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း နှိုးဆော်ထားသည်။ (က-ပ)


## အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးတက်ရောက်ရန် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့်အဖွဲ့ လာအိုနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၂၃**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ခေါင်းဆောင်သော စွမ်းအင်ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၄ ရက်မှ ၂၈ ရက်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေး၊ တတိယအကြိမ် အာဆီယံနှင့်ဆွေးနွေးဖက် သုံးနိုင်ငံတို့၏ စွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံစွမ်းအင်စီးပွားရေးလုပ်ငန်းများဆွေးနွေးပွဲတို့သို့ တက်ရောက်ရန် ယမန်နေ့က နေပြည်တော်လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

### ပို့ဆောင်နှုတ်ဆက်

ဒုတိယဝန်ကြီး ခေါင်းဆောင်သော စွမ်းအင်ကိုယ်စားလှယ်အဖွဲ့အား စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီး ခေါင်းဆောင်သော စွမ်းအင်ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်ငါးဦးတို့ လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ခေါင်းဆောင်သော စွမ်းအင်ကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေး၊ တတိယအကြိမ် အာဆီယံနှင့်ဆွေးနွေးဖက် သုံးနိုင်ငံတို့၏ စွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံစွမ်းအင်စီးပွားရေးလုပ်ငန်းများဆွေးနွေးပွဲသို့ တက်ရောက်ရန် နေပြည်တော်လေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။** (စွမ်းအင်)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၉)ဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၂၃**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၉)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ ကိုရီးယားခရီးသွား အခန်းဆက်ဆောင်းပါးတို့နှင့်အတူ ယာဉ်မောင်းလိုင်စင်သက်တမ်း ကျော်လွန်က ပေးဆောင်ရမည့် ဒဏ်ကြေးငွေ တိုးမြှင့်သတ်မှတ်၊ ရန်ကုန်မြို့တွင် ရေလျှံမှုများဖြစ်ပေါ်ရခြင်းမှာ မြစ်ကြမ်းပြင်မြင့်တက်မှုနှင့် ချောင်းကြီးများ တိမ်ကောလာခြင်းကြောင့်လည်းပါ၊ ကားခိုးမှုရှစ်မှု ဖော်ထုတ်နိုင်ခဲ့ ကားခိုးမခံရစေရန် လုံခြုံရေးစနစ်များဖြင့် ကာကွယ်ရန်လို၊ လတ်တလောဖြစ်ပွားနေသော မျက်မြေးရောင်နှင့် မျက်စိနာရောဂါမှာ ဗိုင်းရပ်စ်ပိုးတစ်မျိုးနှင့် ဘက်တီးရီးယားပိုးတစ်မျိုးတို့ကြောင့်ဖြစ် စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

အရှေ့တိုင်းနှင့် အနောက်တိုင်း ရှေးဟောင်းပုံစံတူ သဘော်နှစ်စင်းဆုံကြမည်၊ တွေ့လျှင်သတင်းပို့ပါ၊ မဝေဘဲ လှောင်ထားသော စာများနှင့် အတူ စာပို့သမားကို လက်ပူးလက်ကျပ်မိစသည့် နိုင်ငံတကာသတင်းများ၊ အီတလီဇာတ်ရှုပ် ဘယ်သူအမြတ်ထုတ် အားကစားသတင်းဆောင်းပါးနှင့်အတူ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ဖျော်ဖြေရေး၊ ကျန်းမာရေးကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

### ✡ ကျောဖုံးမှ

ဖြတ်သန်းခွင့် မပြုတော့ဘဲ ဝန်ချိန်များသော မော်တော်ယာဉ်ကြီးများမှာ ဇက်များဖြင့် ကူးသန်းနေရ၏။

သို့ဖြစ်၍ ရောဝတီတံတား (ရတနာပုံ) စီမံကိန်းလုပ်ငန်းများကို ၂၀၀၁ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ပန္နက်တင် မင်္ဂလာအခမ်းအနားကို စတင်ခဲ့ပြီး မန္တလေးဘက်ကမ်းမှာ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။ စစ်ကိုင်းဘက်ကမ်းမှ လုပ်ငန်းများကို ၂၀၀၂ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ယခုအခါ တည်ဆောက်ရေးအဖွဲ့ နှစ်ဖွဲ့သည် မန္တလေးနှင့် စစ်ကိုင်း တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ရာ ပြီးစီးလုအနေအထားသို့ပင် ရောက်ရှိနေပေပြီ။

ဧရာဝတီတံတား(ရတနာပုံ) ကို တည်ဆောက်ရန်အတွက် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အစည်းအဝေး အမှတ်စဉ်(၁/၉၉)မှ အတည်ပြုချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများက တံတားအကြောင်းကို အသေးစိတ်ကွင်းဆင်းတိုင်းကာ မြေစမ်းသပ်မှုပြုလုပ်ပြီး မြေငလျင်ကြောဆိုင်ရာ လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့သည်။ ငလျင်ဒဏ်ခံနိုင်သည့် သံပေါင်ခုံးတံတားအမျိုးအစားကို တံတားပုံစံ ထုတ်ယူခဲ့သည်။

### တံတားအရှည်

တံတား၏ပေအရှည်မှာ ၃၆၇၅ ပေ ရှိမည်ဖြစ်သည်။ မူလအင်းဝတံတားကြီးမှာ ၃၉၄၈ ပေရှိသည်။ ခန်းဖွင့်ဖွဲ့စည်းပုံအနေဖြင့် ၃၆၇ ဒသမ ၅ ပေ နှစ်ခန်း၊ ၇၃၅ ပေ သုံးခန်း၊ ၃၆၇ ဒသမ ၅ ပေ နှစ်ခန်း ပါဝင်မည်ဖြစ်သည်။

### တည်ဆောက်ထား

ဧရာဝတီတံတား (ရတနာပုံ) တံတား၏ ရေလမ်းကင်းလွတ်နယ်အကျယ်မှာ ပေ ၇၀၀ ရှိမည်ဖြစ်ပြီး အမြင့်မှာ မြစ်ရေ အမြင့်ဆုံးတက်ချိန်တွင် ပေ ၄၀ အမြင့်ရှိပြီး တံတား၏ ခွင့်ပြုအလေးချိန်မှာ ၃၆ တန်ဖြစ်ပြီး ယာဉ်တစ်စီးချင်း၏ အများဆုံး ခွင့်ပြုတန် ၆၀ ဖြစ်၏။ တံတားကြီး၏ သံမဏိသံပေါင်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မှာယူပြီး မြန်မာအင်ဂျင်နီယာများက တာဝန်ယူ တည်ဆောက်ကြခြင်းဖြစ်သည်။ တံတားကြီးကို လေတိုက်နှုန်း ၁ နာရီ မိုင် ၉၀ ခံနိုင်ရည်ရှိအောင် တွက်ချက်ပြီး တည်ဆောက်ထားကြောင်း သိရသည်။

ဧရာဝတီတံတား(ရတနာပုံ)တည်ဆောက်ပြီးစီးသွားပါက မန္တလေးမြို့မှ စစ်ကိုင်းမြို့ကို ဖြတ်သန်းပြီး မုံရွာ၊ ရွှေဘို၊ ဂန့်ဂေါ၊ ကလေး၊ မြစ်ကြီးနားစသောမြို့များကို တန်ချိန်မြင့် မော်တော်ယာဉ်ကြီးများ အချိန်မရွေးကူးသန်းသွားလာနိုင်တော့မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုမှာလည်း ပိုမိုလွယ်ကူမြန်ဆန်လာတော့မှာ ဖြစ်သည်။ ဧရာဝတီတံတား(ရတနာပုံ)ကို တည်ဆောက်လျက်ရှိသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြန်မာအင်ဂျင်နီယာများအနေဖြင့် ယခုနှစ် ဒီဇင်ဘာလမတိုင်မီ ပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း သတင်းမှတ်စုအဖြစ် တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

# တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်နှင့်ဒုတိယဝန်ကြီးဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် နေပြည်တော်လေဆိပ်အဝင်လမ်း၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၂၃

**ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန နေပြည်တော်လေဆိပ်နယ်မြေအတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်လေဆိပ်၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်းအင်အား ၉၁၅ဦး တက်ရောက်ကြသည်။**

## တာဝန်ပေးအပ်

ရှေးဦးစွာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်နှင့် ပို့ဆောင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေတို့အား လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူးဦးတင်မောင်ထွန်းအား လည်းကောင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရန် တာဝန်ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် နေပြည်တော်လေဆိပ်အဝင်လမ်း၌ ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးပေးကြသည်။ ဆက်လက်၍ တက်ရောက်လာကြသောညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ စစ်သည်မိသားစုဝင်များက ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးကြသည်။

## ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော် မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင် ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

## ငါးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ မရမ်းကုန်းမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာမိဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်ကြီးအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများကိုယ်စား ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေနှင့် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ဝင်းအောင်တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

## ဆွမ်းဆန်တော်လှူဒါန်း

ယင်းနောက် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ငွေကျပ် ၃၉၀၀၀၀ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၃၉၀၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ နာဂလိုဏ်ဂူကလေးဝတောရ ကျောင်းတိုက်သို့ ကွယ်လွန်သူ ဦးမောင်မောင်ခဆွေအား ရည်စူး၍ မရမ်းကုန်းမြို့နယ် အမှတ် ၂၄–G ပြည်သူ့လမ်း ၇မိုင်နေ သီရိသုခမ္မသီဂီ ဒေါ်အေးအေးစိုး၊ သားအာကာခ၊ သမီး ကေခိုင်ခ မိသားစုက ငွေကျပ် ၄၅သိန်း၊ နာဂလိုဏ်ဂူကလေးဝတောရ ကျောင်းတိုက်သို့ တွံတေးမြို့ကျော်မိသားစု အိမ်ဆောက်ပစ္စည်းနှင့် မွေးမြူရေးအစားအစာရောင်းဝယ်ရေးဆိုင်မှ မခင်ထွေးရီ၊ မခင်ထွေးကြည်၊ မခင်ထွေးသိမ်းတို့က ငွေကျပ် ၁၀သိန်း၊ ချမ်းမြေ့ဂုဏ်ဝေ သီလရှင်စာသင်တိုက်သို့ မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ဗိုလ်ဥာဏလမ်းနှင့် ဝိဇ္ဇာလမ်းမိသားစုက ပါရမီလမ်းနေ ဦးရီမောင်–ဒေါ်အေးအေးမြင့်မိသားစု၊ ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက်နေ ဒေါ်စုစုလှိုင်မိသားစု၊ မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် ပြည်သူများ၊ ရွှေမြိုင်သီရိသီလရှင်စာသင်တိုက်သို့ ဦးလင်းဝင်း–ဒေါ်ရီရီစိန် (လင်းဝင်းကုမ္ပဏီ) မိသားစု၊ ဦးသွန်း–ဒေါ်တင်တင်အေး မိသားစု၊ မရမ်းကုန်းမြို့နယ် သီရိမွန် ပလာဇာဝင်းသာယာရေးနှင့် တိုက်ခန်းကြီးကြပ်ရေးအဖွဲ့၊ မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက် (ရွှေသံလွင်ကုမ္ပဏီ) မိသားစုတို့က ငွေကျပ်လေးသိန်းစီ၊ ဦးသိန်းမောင်–ဒေါ်ပါပါ(စန္ဒီပရဆေးရောင်းဝယ်ရေး) က ငွေကျပ် ၃၀၃၀၀၀၊ ဝိဇယရာမ ကျောင်းတိုက်သို့ ရန်ကင်းမြို့နယ် မိသားစုတို့က ငွေကျပ်သုံးသိန်းစီ၊ ရွှေမြိုင်သီရိသီလရှင်စာသင်တိုက်သို့ ဦးဝင်းဆွေ–ဒေါ်မင်းသွယ်နု၊ သားရုပ်ရှင်သရုပ်ဆောင် ခန့်စည်သူ မိသားစုနှင့် ဆန်းမြန်မာကုမ္ပဏီတို့က ငွေကျပ်၂၅၀၀၀၀စီ၊ ဦးရဲအောင်–ဒေါ်လှဲ့လှဲ့ဝင်း (သီရိကုဋေကြွယ် ကုမ္ပဏီလီမိတက်) ကြက်ဆူစိုက်ပျိုးရေးအဖွဲ့က ငွေကျပ်၂၀၈၀၀၀၊ မရမ်းကုန်းမြို့နယ် အမှတ်(၆) ရပ်ကွက်ရှိ ပြည်သူများ၊ အမှတ်(၇)ရပ်ကွက်ရှိ ပြည်သူများ၊ အမှတ်(၈)ရပ်ကွက်ရှိ ပြည်သူများ၊ ဒေါ်ခင်ကြည်ဆန်းကိုကို ဘီစကစ်လုပ်ငန်း၊ မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ဦးအောင်မြင့် (ချမ်းမြေ့တည်းခိုခန်း)၊ ဦးအောင်သန်းဦး (မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း)၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၊ သီရိသုခမ္မမဏိဇောတရေ ဦးစိုးသိန်း–ဒေါ်ခင်ချိုအုန်း(ဒုတိယ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)၊ နေအောင်အုပ်စု Production Co., Ltd၊ အဂ္ဂမဟာ သီရိသုခမ္မမဏိ ဇောတရေ ဦးသန်းနိုင်–သီရိသုခမ္မ သီဂီ ဒေါ်ကြည်ကြည်ဆွေ(သမ္မတ ငွေကျပ် ၄၅၀၀၀၀၊ ဘုရင့်နောင်ပွဲရုံ သာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ ကမ္ဘာ့အေးရွှေနှင်းဆီ စာသင်တိုက်သို့ ဦးသိန်းဝင်း–ဒေါ်နီ ပြည်သူများ၊ သီရိသုခမ္မသီဂီ ဒေါ်အေးမြတ်နွယ် (ပုဂံဟိုတယ်)၊ ဦးတင်ဝင်း–ဒေါ်စန်းစန်းဝင်း (မြန်မာ ပြည်သားဟော့ KN Co., Ltd.) နိဗ္ဗာန်ကုန်နှင့် သင်္ကန်းတိုက်)၊ ဦးသိုင်းဝင်း–ဒေါ်ငွေငွေညွန့် (BTB Co., Ltd.)တို့က ငွေကျပ်နှစ်သိန်းစီ အပါအဝင် အလှူရှင်၉၀တို့က စုစုပေါင်း ငွေကျပ် ၁၈၂၅၃၅၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကြသည်။



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်၃၁ တိုက်နှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့်ဆွမ်းပဒေသာပင် အလှူငွေပေးအပ်ပွဲတွင် အလှူရှင်တစ်ဦးထံမှ ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေများကို လက်ခံစဉ်။** (သတင်းစဉ်)



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၃ တိုက်နှင့် သီလရှင်စာသင်တိုက် ခုနစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ပဲနှင့်ဆွမ်းပဒေသာပင် အလှူငွေပေးအပ်ပွဲတွင် အလှူရှင်တစ်ဦးထံမှ ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေများကို လက်ခံစဉ်။** (သတင်းစဉ်)

**ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၃တိုက်နှင့် သီလရှင်စာသင်တိုက် ခုနစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ လှူဒါန်းသော ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို မိသားစုများကိုယ်စား ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေနှင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကျော်တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

## ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် နာဂလိုဏ်ဂူကလေးဝတောရစာသင်တိုက် ပဓာနနာယကဆရာတော် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မရမ်းကုန်းမြို့နယ် အမှတ် (၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက အရပ်၁၀မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မရမ်းကုန်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့ လှူဒါန်းပွဲတွင် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော်၁၂၃၂အိတ်နှင့်၁၈ပြည်၊ ဆီ ၅၅၆ပိဿာနှင့် ၆၀ကျပ်သား၊ ပဲ ၁၁၁၃ပိဿာ ၂၀ကျပ်သား၊ အိုင်အိုဒင်းဆား ၅၅၆၆ပိဿာ၊ သွားတိုက်ဆား ၁၁၁၃ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၁၀၈၀ ဘူး၊ ရွှေဝါဆပ်ပြာ ၅၅၆၆တောင့်၊ ကိုယ်တိုက်ဆပ်ပြာ ၂၁၉၀တုံးနှင့် ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၁၈၂၅၃၅၀၀ ဖြစ်သည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၈ခုနှစ် ဝါဆိုလကွယ်နေ့**
**(ဥပုသ်နေ့)**
**၂၄–၇–၂၀၀၆ရက်(တနင်္လာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၀ | ၅။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၈း၀၀ | ၆။ | ချစ်စရာ့အရွယ် ကကြိုးသွယ် |
| ၈း၁၀ | ၇။ | ရွှေလီတံတား |
| ၈း၂၀ | ၈။ | အဆိုပြိုင်ပွဲ |
| ၈း၃၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | Islands of Dhamma |
| ၈း၅၀ | ၁၁။ | ဘဒ္ဒန္တပညိန္ဒာဘိဝံသ(အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက)ဒုတိယဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ မဟာအောင်မြေ ဘုံစံကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း |
| ၉း၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ပဋ္ဌမအကြိမ် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ(တတိယဆု) (အထက–၁၊မှော်ဘီ) [အမျိုးသမီးဝတ်ရွတ်အဖွဲ့] |
| ၁၆း၅၀ | ၄။ | အဆိုပြိုင်ပွဲ |
| ၁၇း၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ] |
| ၁၇း၁၅ | ၆။ | အကပဒေသာ |
| ၁၇း၂၅ | ၇။ | မြန်မာစာ မြန်မာစကား |
| ၁၇း၃၅ | ၈။ | မြန်မာ့ရိုးရာတောခလေ့ ကျေးလက်တေးသံများ |
| ၁၇း၄၅ | ၉။ | **“မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့”** လူမင်း၊ သူသူဟံသာ၊ အိမ်အိမ်း (ဒါရိုက်တာ–သက်တင်) |
| ၁၇း၅၀ | ၁၀။ | တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း) |
| ၁၈း၀၀ | ၁၁။ | ညနေခင်းသတင်း |
| ၁၈း၃၀ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၁၈း၃၅ | ၁၃။ | ကမ္ဘာ့ဝိပဿနာစေတီတော် |
| ၁၈း၅၀ | ၁၄။ | “တစ်ချက်ခုတ် ဆယ်ချက်ပြတ် ရနိုင်တဲ့အကျိုးအမြတ်” [ရှမ်းပြည်နယ်(မြောက်ပိုင်း)] |
| ၁၉း၀၅ | ၁၅။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“ဇူလိုင်နံနက်ခင်း”** (အပိုင်း–၁၁) |
| ၂၀း၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်သူ့အိပ်မက်လှလှ”** (အပိုင်း–၁၃) |
| | ၂၀။ | မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာ ဘာဝနာပွားများခြင်း တရားတော် |
| | ၂၁။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၂။ | အစီအစဉ်ပြီး၏။ |

# ကရုဏာနှလုံးသားနှင့် မုဒိတာအပြုံးများ

ထွေးထွေးလှ(လှိုင်လင်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကို ရည်ရွယ်ချက်(၆)ရပ်ဖြင့် ၁၉၉၁ခု ဧပြီလ၃၀ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။

**ရည်ရွယ်ချက်(၆)ရပ်–**

၁။ **ကျန်းမာရေးအချက်အလက်များ၊ ပညာပေးမှုများကို သတင်းထုတ်ပြန်ခြင်း၊ ပညာပေးခြင်းနှင့် ဆက်သွယ်ပေါင်းစပ်ခြင်း အစီအစဉ်များဖြင့် တစ်ပြည်လုံးအတိုင်းအတာ ဖြန့်ဖြူးရန်၊**

၂။ **မျိုးဆက်ပွား ကျန်းမာရေးအပါအဝင် မိခင်နှင့်ကလေး ကျန်းမာရေး အစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ရန်နှင့် သုံးသပ်ဆောင်ရွက်ရန်၊**

၃။ **ကလေးသူငယ်များ စောစီးစွာ ဘက်စုံဖွံ့ဖြိုးစေရန် ရည်သန်လျက် နေ့ကလေးထိန်းဌာနများ တည်ထောင်ဖွင့်လှစ်ပေးရန်နှင့် မိခင်များအနေဖြင့် တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးရေးဆောင်ရွက်ရန်၊**

၄။ **ကျောင်းနေအရွယ်ကလေးများ အပြည့်အဝ ကျောင်းအပ်နှံရေးအတွက် ပညာသင်ထောက်ပံ့ကြေးပေးရန်၊**

၅။ **ကျေးလက်နေ ပြည်သူလူထု လိုအပ်မှုအပေါ် အခြေခံ၍ ထိရောက်သော စာတတ်မြောက်ရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်၊**

၆။ **ဝင်ငွေနည်းသော မိသားစုမှ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဝင်ငွေတိုးအစီအစဉ်များ စီမံရေးဆွဲအကောင်အထည်ဖော်ပေးရန်နှင့် အသေးစား ငွေချေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်၊**

အထက်ပါ မွန်မြတ်သန့်စင်သော ရည်ရွယ်ချက် မူဝါဒများ အခိုင်အမာချမှတ်လျက် အသင်း၏ လုပ်ငန်းဆိုင်ရာ အသေးစိတ်အဖွဲ့လေးဖွဲ့ကို ဖွဲ့စည်းကာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များသည် ပြည်နယ်နှင့်တိုင်း အသီးသီးတွင် တက်ကြွနိုးကြားစွာ လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်မှာ ၁၅နှစ်ကျော်တိုင်ခဲ့ပြီဖြစ်ပါသည်။

**အသင်း၏ လုပ်ငန်းဆိုင်အရာအဖွဲ့များ–**

၁။ ပညာရေးဆိုင်ရာအဖွဲ့

၂။ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်ရေးအဖွဲ့

၃။ စီးပွားရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့

၄။ လူမှုရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့တို့ဖြစ်ပါသည်။

ဖော်ပြပါ အသင်း၏ရည်ရွယ်ချက် မူဝါဒနှင့်အညီ အသင်း၏ လုပ်ငန်းဆိုင်ရာ အဖွဲ့ခေါင်းစဉ်အောက်ဝယ် စေတနာအရင်းခံ၍ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသည့် ဗြဟ္မစိုရ်တရားလက်ကိုင်ထားကာ တိုင်းနှင့်ပြည်နယ်အသီးသီးတွင် လှုပ်ရှားဆောင်ရွက်လျက်ရှိကြသော အသင်းများစွာအနက် ရှမ်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း လက်အောက်ခံ ကျွန်မတို့ လှိုင်လင်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၅–၂၀၀၆ခုနှစ်အတွင်း လှုပ်ရှားမှု ပုံရိပ်များကို ဤစာမျက်နှာပေါ်မှတစ်ဆင့် ပုံဖော်တင်ပြရသော်–

ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်တိုင် ဦးဆောင်လျက် လှိုင်လင်ခရိုင်(ခုတင်–၂၀၀)အထူးကုဆေးရုံမှသမားတော်ကြီးများနှင့်အတူ ၁၀–၉–၂၀၀၅မှ၂၅–၃–၂၀၀၆ အထိ လှိုင်လင်ခရိုင်အတွင်းရှိ လဲချားမြို့နယ်၊ ပင်လုံမြို့နယ်၊ မိုင်းကိုင်မြို့နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းရှူးမြို့နယ်၊ မိုင်းနောင်မြို့နယ်၊ ကွန်ဟိန်းမြို့နယ်၊ မိုင်းပွန်မြို့နယ်တို့မှ ဝေဒနာရှင်လူနာ ၁၈၄၅ဦးတို့အား သမားတော်ကြီးများက အခမဲ့ ခွဲစိတ်ကုသပေး၍ ကုန်ကျသောဆေးဖိုးဝါးခများအား ကျွန်မတို့အသင်းမှ ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

ရောဂါအခြေအနေ ဆိုးရွားပြင်းထန်သော လူနာ၄၀တို့အား လှိုင်လင်ခရိုင် (ခုတင်–၂၀၀) အထူးကုဆေးရုံကြီးသို့ ခေါ်ဆောင်၍ အခမဲ့ ခွဲစိတ်ကုသပေးခြင်းများကိုလည်း စိတ်ထားဖြူစင်စွာဖြင့် အာယုဒါနပြုခဲ့ကြပါသည်။

ဆင်းရဲနွမ်းပါးသည့်အပြင် ရောဂါအခြေအနေအရ မျှော်လင့်ချက်ကင်းမဲ့နေပြီဖြစ်သော သားအိမ်တွင် အလုံးအကျိတ်ရှိသူ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးအား မီးယပ်သားဖွားအထူးကု ဒေါက်တာစံအေးကြည်နှင့်အတူ ကျွန်မတို့ အသင်းဝင်များက ဆေးဖိုးဝါးခ ကုန်ကျစရိတ်များ လှူဒါန်းလျက် သမားတော်ကြီးများက အခမဲ့ ခွဲစိတ်ကုသပေးသဖြင့် မိခင်ရော ကလေးပါ ဘေးကင်း၍ ရန်ကွာခဲ့ရသည့် အောင်မြင်မှုကိုလည်း မှတ်တမ်းတင်မော်ကွန်းထိုးအပ်ပါသည်။

လဲချားမြို့နယ်၌ လည်ပင်းကြီးလူနာရှစ်ဦး၊ အူကျလူနာလေးဦး၊ လိင်အရေပြားပိတ် လူနာတစ်ဦး၊ သားအိမ်တွင် အလုံးအကျိတ်ရှိ၍ သားအိမ်ထုတ်ရန် လိုအပ်သော အမျိုးသမီးလူနာနှစ်ဦးတို့အား လှိုင်လင်ခရိုင် (ခုတင်–၂၀၀) အထူးကုဆေးရုံကြီးသို့ ခေါ်ဆောင်လျက် အခမဲ့ ခွဲစိတ်ကုသပေးခဲ့ကြပါသည်။

မိုင်းကိုင်မြို့နယ်၌ ပညာရေးကို ကြိုးစားသင်ယူနေကြသော အခြေခံပညာအထက်တန်းကျောင်းမှ မွေးရာပါ မသန်စွမ်းကျောင်းသား ၁၈ဦးတို့အား ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့လှူဒါန်းခဲ့ကြပါသည်။

ကျွန်မတို့အသင်းသည် မိုင်းကိုင်မြို့နယ် လွယ်ပူတောက်ကျေးရွာမှ မျက်စိအလင်းချို့ယွင်းကာ မျက်လုံးတွင် တိမ်စွဲနေသော ဝေဒနာရှင်နှစ်ဦးတို့အား လှိုင်လင်ခရိုင် (ခုတင်–၂၀၀)အထူးကုဆေးရုံကြီးသို့ ခေါ်ဆောင်လျက် ဒေါက်တာကိုကိုသန်းက အခမဲ့ခွဲစိတ်ကုသပေးရင်း အလင်းဆောင်ကောင်းမှုပြုခဲ့ပါသည်။

ခရိုင်အတွင်းရှိ မြို့နယ်၊ ကျေးရွာအသီးသီးမှ အဘိုးအို၊ အဘွားအို ၁၀၉ဦးတို့အား တစ်ဦးလျှင် ခြုံစောင်တစ်ထည် ငွေကျပ် ၃၀၀၀နှင့် ဆေးဝါးပစ္စည်းများလည်း လှူဒါန်းခဲ့ကြပါသည်။

**"တိုင်းနှင့်ပြည်နယ် တစ်ခုစီတွင် ကြက်ဆူပင် ကေါ်းသိန်းစီ သုံးနှစ်အတွင်း စိုက်ပျိုးရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေနှင့် ကေခုနစ်သန်းစိုက်ပျိုးရန်"** ဟူသော နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ မိုင်းနောင်မြို့နယ်တွင် ကြက်ဆူပင်ကေ၁၀၀ စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်၍ စိုက်ပျိုးပေးခဲ့ပါသည်။

ထို့အပြင် နယ်စွန်နယ်ဖျား ကျေးလက်ဒေသနေ ပြည်ထောင်စုဖွား သွေးချင်းများ၏ စာပေဗဟုသုတပြည့်ဝစေရန်၊ အသိဉာဏ် အတွေးအခေါ် အမြော်အမြင်စုံလင်စေရန်၊ လူ့စွမ်းအားအရင်းအမြစ်နှသစ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်သန်လျက် "စာတတ်သူတိုင်းစာဖတ်ဖို့၊ စာကြည့်တိုက်များ ထူထောင်စို့"ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်ထားသော ကွန်ဟိန်းမြို့နယ် ကာလိကျေးရွာစာကြည့်တိုက်၊ ကျေးသီးမြို့နယ် စာကြည့်တိုက်၊ မိုင်းပွန်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် စာကြည့်တိုက်တို့၌ သုတစုံလင်စာအုပ် စာတမ်းများ၊ မဂ္ဂဇင်းများနှင့် စာစောင်များ ပညာဒါနမြောက် လှူဒါန်းခဲ့ကြပါသည်။

ခရိုင်အတွင်းရှိ မြို့နယ်အသီးသီး၊ ကျေးရွာအသီးသီးသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကာ ဒေသခံတိုင်းရင်းသူများအား တွေ့ဆုံ၍ အသင်း၏လုပ်ငန်းဆောင်ရွက်မှုများ၊ ရှေ့ဆက်လုပ်ဆောင်သွားမည့် စီမံချက်များအကြောင်းနှင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာ ပညာပေး ဆွေးနွေးပွဲများကိုလည်း ဒေသခံများ နားလည် သဘောပေါက်လာသည့်တိုင်အောင် ကြိုးစားလှုပ်ရှားကာ ဆောင်ရွက်ခဲ့ကြပါသည်။

**"သူတစ်ပါးတို့၏ ကောင်းကျိုးကို သယ်ပိုးခြင်းသည် တာဝန်တစ်ရပ်မဟုတ်ပါ။ အခွင့်ထူးတစ်ရပ် ဖြစ်ပါသည်။ ထိုသို့ သယ်ပိုးခြင်းသည် ဝမ်းမြောက်ပျော်ရွှင်မှုကိုဖြစ်စေပြီး ကျန်းမာစွာဖြင့် ချမ်းသာစွာနေထိုင်ရေးအတွက် အထောက်အကူ ဖြစ်စေသည်။"**

**ဇိုရိုအက်စတာ**

မှန်ပါသည်။

ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌသည် ကျွန်မတို့ ခရိုင်၊ မြို့နယ်၊ ကျေးရွာ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့်တွေ့တိုင်း "ကျွန်မတို့ဟာ ဆရာဝန်များ မဟုတ်ပေမယ့် လူတစ်ယောက်ရဲ့ အသက်တစ်ချောင်းကို ကယ်တင်လို့ရပါတယ်"ဟု အားတက်ဖွယ်၊ ဝမ်းမြောက်ဖွယ်စကား အမြဲပြောလေ့ရှိပါသည်။

ကျွန်မတို့သည် ရိုးသားပွင့်လင်းသော သွေးချင်းများနှင့် ထိတွေ့ဆက်ဆံရပြီး ဆေးဝါးကုသပေးခွင့်ရခြင်း၊ အသိဉာဏ်ပညာ ဗဟုသုတဖြန့်ဝေခွင့်ရခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီဖြည့်ဆည်းပေးခွင့်ရခြင်းများအတွက် ကြီးမားသော အခွင့်ထူးကြီးတစ်ရပ်ကို ပိုင်ဆိုင်ရခြင်း ဖြစ်သောကြောင့် များစွာဝမ်းသာမိပါသည်။ စေတနာ ဝေဖြာလွန်းလှပါသော သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၏ စေတနာအခန်းကိုလည်း မှတ်တမ်းတင်ထိုက်လှပေသည်။

ကျွန်မတို့ **ကူညီကုသပေး၍ ကျန်းမာလာသော လူနာများသည် ပွင့်လင်းရိုးသားစွာ မျက်ရည်ကြားမှ အားတင်းရင်း ကျေးဇူးတင်စကားကို မုဒိတာအပြုံးများဖြင့် ဆို့နင့်စွာ ပြောလာသောအခါ ကျွန်မတို့မှာလည်း ကရုဏာမျက်ရည်များ ဝိုင်း၍လည်းရပါသည်။**

မည်သို့ပင်ဆိုစေ ကျွန်မတို့ လှိုင်လင်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသည် စေတနာပန်းခင်းတို့အလယ်တွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ အသီးအပွင့်များဖြင့် ဒေသတစ်ခွင်လုံးအား ဆက်၍ ဆက်၍ အလှဆင်သွားပါဦးမည်။ ။

ကူညီကုသပေး၍ ကျန်းမာလာသော လူနာများသည် ပွင့်လင်းရိုးသားစွာ မျက်ရည်ကြားမှ အားတင်းရင်း ကျေးဇူးတင်စကားကို မုဒိတာအပြုံးများနှင့် ဆို့နင့်စွာ ပြောလာသောအခါ ကျွန်မတို့မှာလည်း ကရုဏာမျက်ရည်များ ဝိုင်း၍...။



**တာမွေမြို့နယ် မဘန် အောင် ရပ်ကွက် အမျိုးသမီး ရေးရာအဖွဲ့က ပြုလုပ်သော ဝမ်းပျက် ဝမ်းလျှော ရောဂါ အကြောင်း အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၄ ရက်က အမက(၂၇) ကျောင်းခန်းမတွင်ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးကျော်လှိုင်က အမှာစကားပြောကြားစဉ်။** (က–ပ)



**ရန်ကင်းမြို့နယ် အမှတ် (၁၅) ရပ်ကွက်တွင် နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲ နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇူလိုင် ၂၁ရက်ကကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စိန်စိန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းအေး၊ ရပ်ကွက်အဖွဲ့ဝင်(၁) ဦးဇော်ဝင်းနှင့် ရပ်ကွက်စာကြည့်တိုက် ဒုတိယဥက္ကဋ္ဌ ဒေါ်မို့မို့ဆန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

# ဗိုလ်တထောင်စေတီတော်၌ တရားတော်များဟောကြားချီးမြှင့်မည်

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ ဇူလိုင်၂၄ရက်(ဝါဆိုလကွယ်နေ့) မွန်းလွဲ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ဦးစီးပဓာနနာယကဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်)ကလည်းကောင်း၊ ညနေ ၃နာရီတွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ကျွန်းကုန်းမြို့ ဇေယျာဝတီအနောက်ကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တပဏ္ဍာဝံသက လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရာသက်ပန်အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

**ရန်ကုန်တိုင်း စစ်ဌာနချုပ် ရန်ကုန်တပ်နယ်က ကျင်းပသည့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် ဆယ်အိမ်စုမှူး ဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီက ရန်ကုန်တပ်နယ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့် ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက်အားပေးချီးမြှင့်သည်။**

## အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

## ပေးအပ်

ထို့နောက် ရန်ကုန်တပ်နယ်၊ တပ်နယ်မှူး၏ ဇနီး ဒေါ်ခင်ခင်နှင်းက တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲများ၏ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ၁၇၇၁ စောင်ကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ပေးအပ်သည်။

## တက်ရောက်

ယင်းနောက် ဆယ်အိမ်စုမှူး ဆရာဖြစ်သင်တန်းကို ဖွင့်လှစ်သည်။ အဆိုပါသင်တန်းကို ဇူလိုင် ၂၃ရက် အထိ ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်တိုင်းတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲများမှ အသင်းဝင်၁၀၄ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ ရန်ကုန်တိုင်း စစ်ဌာနချုပ် ရန်ကုန်တပ်နယ်က ကျင်းပသည့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် ဆယ်အိမ်စုမှူးဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

# လယ်ထွန်စက်နှင့် နောက်တွဲယာဉ်များ လျာထားချက်ပြည့်မီရန် ထုတ်လုပ် သဘာဝဓာတ်ငွေ့သုံး လယ်ထွန်စက်များ စမ်းသပ်ပြောင်းလဲရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၃

**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၇ရက် နံနက်ပိုင်းက မကွေးတိုင်း မင်းလှမြို့နယ်ရှိ အမှတ်(၂)လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှု စက်ရုံ (မလွန်)သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌စက်ရုံမှ ကြီးကြပ်ဝန်ထမ်းများနှင့်တွေ့ဆုံရာ ရှေးဦးစွာ စက်ရုံ အထွေထွေမန်နေဂျာ ဦးသိန်းအောင်က ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ကုန်ပစ္စည်းထုတ်လုပ်ရန် လျာထားချက်နှင့် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။**

ဝန်ကြီးက စက်ရုံမှ ထုတ်လုပ်လျက်ရှိသည့် လယ်ထွန်စက်များနှင့် နောက်တွဲယာဉ်များကို လျာထားချက်ပြည့်မီစေရန် ထုတ်လုပ်ရေး၊ အရည်အသွေးပြည့်မီစေရေးအတွက် စမ်းသပ်မှုများ ပြုလုပ်ရေး၊ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး ကိုက်ညီစေရေး၊ အလေအလွင့်နည်းပါးရေး၊ လယ်ယာသုံး စက်ပစ္စည်း အမယ်သစ်များကို တီထွင်ထုတ်လုပ်ရေး၊ သဘာဝဓာတ်ငွေ့သုံး လယ်ထွန်စက်များ စမ်းသပ်ပြောင်းလဲရေးတို့ကို ဆွေးနွေးမှာကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် အမှတ်(၂)လယ်ယာသုံး စက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မလွန်)၏ သံပုံထောင်းနှင့် မာရှိန်ပြောင်း အလုပ်ရုံ၌ သံထည်ပစ္စည်းအစိတ်အပိုင်းများ အမာတင်လုပ်ငန်းဆောင်ရွက်မှုကိုလည်းကောင်း၊ စက်ပစ္စည်းအလုပ်ရုံ၌ စက်ပစ္စည်းအစိတ်အပိုင်းများ စက်ခုတ်စား ထုတ်လုပ်မှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ထုတ်လုပ်သည့် စက်ပစ္စည်းအစိတ်အပိုင်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရန် ဂရုပြုဆောင်ရွက်ရေး၊ လျှပ်စစ်ဓာတ်အားနှင့်စက်သုံးဆီများကို စနစ်တကျ သုံးစွဲရေး မှာကြားသည်။

## ပခုက္ကူစက်မှုနယ်မြေ

ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဇူလိုင် ၁၈ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း မြိုင်မြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပခုက္ကူစက်မှုနယ်မြေသို့ ရောက်ရှိရာ ရှေးဦးစွာ စီမံကိန်း ရှင်းလင်းဆောင်၌ မြန်မာ့စက်ရုံနှင့် အဆောက် အအုံဆောက်လုပ်ရေး လုပ်ငန်းမှ စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်ထွဋ်အောင်က စက်ပစ္စည်းကိရိယာများ ထုတ်လုပ်မှု စက်ရုံစီမံကိန်း အဆောက်အအုံများ ဆောက်လုပ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ကြည်က ထပ်ဆင့်ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးကံချွန်က စက်ပစ္စည်းထုတ်လုပ်မှု စက်ရုံတွင် တပ်ဆင်မည့်စက်ပစ္စည်းများကို ရှင်းလင်းတင်ပြသည်။

## ကြိုးပမ်းဆောင်ရွက်

ဝန်ကြီးက စက်ရုံစီမံကိန်း လုပ်ငန်းများကို လုပ်ငန်းလျာထားချက် ရေးဆွဲ၍ တည်ဆောက်အကောင်အထည်ဖော်ရေး၊ လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးစေရန် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။ **(သတင်းစဉ်)**

# ဆိပ်ဖြူ-ကန်တော-ပေါက်လမ်းမှာ ချင်းပြည်နယ်၊မကွေးနှင့်ဧရာဝတီတိုင်းတို့သို့ဆက်သွယ် လက်ရှိမြေလမ်းနှင့်ကျောက်ချောအဆင့်မှ ကတ္တရာလမ်းအဆင့် တိုးမြှင့်ရန်စီမံရေးဆွဲ

နေပြည်တော် ဇူလိုင် ၂၃

**ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင်၁၆ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာခဲ့ပြီး လမ်းတစ်လျှောက် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးရာ မိုင်တိုင်(၃၈/၀)တွင်ရှိ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၇)၏ ရှေ့တန်းလုပ်ငန်းခွင်ရုံးသို့ ရောက်ရှိသည်။**

စီမံကိန်းလုပ်ငန်းခွင်ရုံး၌ တာဝန်ခံအင်ဂျင်နီယာမှူး ဦးစန်းဝေက လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ကတ္တရာခင်းခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဝန်ကြီးအား ရှင်းလင်းတင်ပြရာ ဝန်ကြီးက ယခုလမ်းမှာနေပြည်တော်သို့ အဓိကဆက်သွယ်သည့် လမ်းဖြစ်သည်နှင့်အညီ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီ လမ်းအင်္ဂါရပ်များအတိုင်း ကြီးကြပ်ဆောင်ရွက်ကြရန်မှာကြားပြီး ဆက်လက်ထွက်ခွာခဲ့ရာ ချောက်မြို့မှတစ်ဆင့် ယောချောင်းတံတား(ကံတွင်း)သို့ ညနေပိုင်းတွင် ရောက်ရှိသည်။

## ပြင်ဆင်ထိန်းသိမ်း

ဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၁၇ရက် နံနက်ပိုင်းတွင် ယောချောင်းတံတား (ကံတွင်း)မှ ဆိပ်ဖြူ-ကန်တော-ပေါက်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ၍ လမ်းတစ်လျှောက် တံတားလုပ်ငန်းများ မိုးတွင်းကာလ ပြင်ဆင်ထိန်းသိမ်းထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

## သက်သာမည်ဖြစ်

ဝန်ကြီးက အဆိုပါဆိပ်ဖြူ- ကန်တော-ပေါက်လမ်းမှာ ချင်းပြည်နယ် မင်းတပ်မြို့၊ မကွေးတိုင်းအတွင်းရှိ ကျောက်ထု-ထီးလင်း-ဂန့်ဂေါမြို့တို့မှမကွေးမြို့နှင့် ဧရာဝတီတိုင်းသို့ ဆက်သွယ်နိုင်သည့် အဓိကလမ်းတစ်လမ်းဖြစ်၍ ဤလမ်းကို လက်ရှိမြေလမ်းအဆင့်၊ ကျောက်ချောလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်သို့ တစ်ဆင့်ပြီးတစ်ဆင့်တိုးမြှင့် ဆောင်ရွက်သွားရန်အတွက် တာဝန်ခံအင်ဂျင်နီယာများက အစီအမံများ ရေးဆွဲတင်ပြရန် မှာကြားပြီး လိုအပ်ချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ အဆိုပါလမ်းမှာ မင်းတပ်မြို့မှမကွေးမြို့သို့ သွားလျှင် ပေါက်-ကမ္မ-မြစ်ခြေ-ဆိပ်ဖြူလမ်းကို အသုံးပြုခြင်းထက် ၂၁မိုင်လျော့နည်း သက်သာမည်ဖြစ်သည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပခုက္ကူ-ပေါက်-ကျောက်ထုလမ်းပေါ်ရှိ ပေါက်တံတား အမှတ်(၂) ရေပြာနှင့် ပေါက်တံတား အမှတ်(၁) အုန်းတောတံတားတို့၏ ကြံ့ခိုင်တောင့်တင်းမှုနှင့် ရေလမ်းကြောင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ကျောက်ထုမြို့ မြို့နယ်ဆောက်လုပ်ရေးရုံးသို့ ရောက်ရှိရာ ပခုက္ကူ-ပေါက်- ကျောက်ထု-မင်းတပ်လမ်း၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော တာဝန်ခံအင်ဂျင်နီယာများက မိမိတို့ တာဝန်ယူသည့် လမ်းအပိုင်းလိုက်ဆောင် ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဝန်ကြီးအား ရှင်းလင်းတင်ပြကာ တိုင်းအင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က ဖြည့်စွက် တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပေးခဲ့သည်။

**(သတင်းစဉ်)**



## ထောက်ပံ့ပေးအပ်

**ရန်ကုန် အရှေ့ပိုင်း ခရိုင် သာကေတမြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းမှ ကိုယ်ဝန်ဆောင် မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အိုင်အိုဒင်းဆား ထောက်ပံ့ခြင်း အခမ်းအနားကို ဇူလိုင်၂၀ ရက်က မြို့နယ်ကျန်းမာရေးဌာနတွင်ကျင်းပရာ ခရိုင် မိခင်နှင့်ကလေး ကြီးကြပ်ရေး ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က ကိုယ်ဝန်ဆောင် မိခင်တစ်ဦးအား ဆေးဝါးများ ထောက်ပံ့ပေးအပ်စဉ်။** (၃၀၂)

**Dagon Centre Shopping Mall (၃)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အုပ်ချုပ်ရေးအဖွဲ့နှင့် ဈေးဆိုင်ဝန်ထမ်း မိသားစုများက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ ငွေကျပ် ခြောက်သိန်းသုံးသောင်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးလက်ခံယူစဉ်။** (က-ပ)



# မြန်မာပြည်သား အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်း အစည်းအဝေးကျင်းပ၊ ပညာသင်ထောက်ပံ့ကြေးပေးအပ်

**ရန်ကုန် ဇူလိုင် ၂၃**

တာမွေမြို့နယ် မြန်မာပြည်သားအထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်၏ ၂၀၀၅-၂၀၀၆ ခုနှစ် ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့နံနက်က ကျင်းပသည်။

ရှေးဦးစွာ သဘာပတိမြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်တိုင်းအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌဗိုလ်မှူးကြီးရဲအောင်(ငြိမ်း)တို့က အမှာစကား အသီးသီးပြောကြားသည်။

ဆက်လက်၍ ၂၀၀၅-၂၀၀၆ ခုနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း အကျိုးအမြတ်ခွဲဝေမှုစာရင်းနှင့် စာရင်းစစ်အစီရင်ခံစာတို့ကို မြို့နယ်အသင်းစု အတွင်းရေးမှူးဦးတင်ဦးလွင်က တင်ပြအတည်ပြုချက် ရယူသည်။ ထို့နောက် ရန်ကုန်တိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းက ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၁၁၅၄၀၀ ကို ဝန်ထမ်းများကိုယ်စား ဒါရိုက်တာအဖွဲ့ဝင် ဒေါ်မြသိန်းအား ပေးအပ်သည်။ **(၁၁၅)**

## (၃၇)ကြိမ်မြောက်

# ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲနှင့်အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

**အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသည့် (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ၊ အမျိုးသားတံခွန်စိုက်ဘတ်စကက်ဘောပြိုင်ပွဲဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို ယနေ့နံနက်၉နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က တက်ရောက်အားပေးပြီး အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။**



(၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသားတံခွန်စိုက်ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲနှင့်အလှူငွေပေးအပ်ပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ ထွန်းရွှေဝါဆေးတိုက်မှ ဦးထွန်းရွှေက အလှူငွေ ကျပ်သုံးသိန်းပေးအပ်လှူဒါန်းစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

**တက်ရောက်**

ပြိုင်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဘတ်စကက်ဘောအားကစားနည်း နာယကများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘော အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်နှင့် အမှုဆောင်များ၊ အလှူရှင်များ၊ ပြိုင်ပွဲဝင် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပြိုင်ပွဲဝင် အားကစားမောင်မယ်များ၊ ဘတ်စကက်ဘော အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် အားကစားသမားများ အားကစားသစ္စာခံဌာန် ရွတ်ဆိုကြပြီး အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဘတ်စကက်ဘော အားကစားနည်း နာယကဒေါ်မြင့်မြင့်ဆွေက ကျပ်တစ်သိန်း၊ ၂၀၀၆ခုနှစ် အမျိုးသား ဘတ်စကက်ဘော ပြိုင်ပွဲအတွက် Gold Roastမှ အလှူငွေကျပ်၁၅သိန်း၊ ထွန်းရွှေဝါဆေးတိုက်က အလှူငွေကျပ်သုံးသိန်း၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဆေးမှူး ဒေါက်တာမြစန္ဒာခိုင်က အဖွဲ့ချုပ်သို့ လစဉ်ကျပ်တစ်သောင်းနှုန်းဖြင့် ၂၀၀၆ခုနှစ်အတွက် ကျပ်တစ်သိန်းနှစ်သောင်း ပေးအပ် လှူဒါန်းရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အမျိုးသားပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်း အသီးသီးမှ အသင်းပေါင်း၁၄သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး အုပ်စုလေးစုခွဲ၍ ယှဉ်ပြိုင်ကြရာ (က)အုပ်စုတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်း၊ (ခ) အုပ်စုတွင် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် စစ်ကိုင်းတိုင်း၊ (ဂ)အုပ်စုတွင် မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်း၊ (ဃ)အုပ်စုတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်နှင့် ကချင်ပြည်နယ်တို့ပါဝင်ကြသည်။

အမျိုးသမီးပြိုင်ပွဲတွင် အုပ်စုနှစ်စုခွဲ၍ ယှဉ်ပြိုင်ကြရာ (က)အုပ်စုတွင် စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တနင်္သာရီတိုင်း၊ မန္တလေးတိုင်းနှင့်မကွေးတိုင်း၊ (ခ)အုပ်စုတွင် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မွန်ပြည်နယ်တို့ပါဝင်ကြသည်။

ပြိုင်ပွဲကို ဇူလိုင် ၂၉ ရက်အထိ နေ့စဉ်နံနက်၈နာရီမှစ၍ ကျင်းပလျက်ရှိပြီး ဘတ်စကက်ဘော ဝါသနာရှင်များ အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။ ။ **(မြန်မာ့အလင်း)**





**(၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်နှင့်မွန်ပြည်နယ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ ဘတ်စကက်ဘောဝါသနာရှင်များ ဤသို့ စိတ်ဝင်စားစွာ ကြည့်ရှုအားပေးခဲ့ကြသည်။** ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

---

# မြန်မာ့အလင်း စာတည်းထံပေးစာများ

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။**

## အမှိုက်ပုံကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းရှင့်–**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက် မြန်မာ့ဂုဏ်ရည်လမ်းနှင့် သစ္စာလမ်းထောင့်ရှိ အမှိုက်ပုံကြီးနှင့် မင်္ဂလာတောင်ညွန့် ဈေး(အမဲဈေး)အတွင်းနှင့် ဈေးဝရှိ အမှိုက်ပုံများမှ ထွက်ရှိသော အနံ့ဆိုးများကြောင့် လမ်းသွားလမ်းလာများနှင့် အနီးပတ်ဝန်းကျင်ရှိ နေအိမ်များမှ ပြည်သူများ ကျန်းမာရေး ထိခိုက်နေကြရပါသည်။ သို့ပါ၍ အဆိုပါ အမှိုက်ပုံများအား သိမ်းဆည်းပေးပါရန်နှင့် သင့်လျော်သောနေရာသို့ ပြောင်းရွှေ့ပေးပါရန်တင်ပြအပ်ပါသည်။

**စည်းကမ်းရှိလိုသူ**

## ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးစေလို

**စာတည်းခင်ဗျား–**

မွန်ပြည်နယ် သထုံမြို့နယ် မြောက်ပိုင်းတွင် ကျိုက္ကော်ချောင်း၊ ကတိုက်ကလေး၊ ဆန်အော်ချောင်း၊ ကတိုက်ကြီးချောင်း၊ ဘီလူးမချောင်းများမှာ ကောလျက်ရှိပါသဖြင့် သိမ်ဆိပ်တိုက်နယ်ပိုင် သိမ်ဆိပ်ကွင်း၊ တံတားဦးကွင်း၊ ခနေကတိုက်ကွင်း၊ ကတိုက်ကလေးကွင်းနှင့် ကတိုက်ကြီးကွင်းများတွင် ရေလျှံလေ့ရှိရာ ချောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**သထုံသား**

## ခွေးလေခွေးလွင့်ရှင်းလင်းပေးပါ

**စာတည်းခင်ဗျား–**

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၅)ရပ်ကွက် ရွှေနှင်းဆီလမ်းနှင့် ရွှေနှင်းဆီ(၃) လမ်း၊(၄)လမ်းများတွင် ခွေးလေခွေးလွင့်များ ပေါများလျက်ရှိရာ ခွေးရူးအန္တရာယ် စိုးရိမ်ရပါသဖြင့် ခွေးလေခွေးလွင့်များကို ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**ခွေးကြောက်သူ**

## လမ်းပေါ်မှအဆောက်အအုံ ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား–**

မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် အမှတ်(၆) မင်းစုရပ်ကွက် မြို့နယ်ပြည်သူ့ဆေးရုံ၏အနောက်ဘက်တည့်တည့်တွင် အများပြည်သူ သွားလာမှုလွယ်ကူစေရန် လမ်းသတ်မှတ်ပေးထားပါသည်။ သို့သော် တောင်သာမြို့ အမှတ်(၆) မင်းစုရပ်ကွက်နေသူတစ်ဦးသည် ၎င်းလမ်းပေါ်တွင်ပိတ်ဆို့ပြီး အဆောက်အအုံဆောက်လုပ်ထားပါ၍ သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**မင်းစုသား**

## စက်ဘီးပြင်ဆိုင်အားစိစစ်ပေးပါ

**စာတည်းခင်ဗျား–**

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)အရှေ့ရပ်ကွက် အလယ်ခိုင်ရွှေဝါလမ်းမကြီး နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံဘက်ခြမ်းတွင် စက်ဘီးပြင်ဆိုင်သည် သစ်သားငုတ်များ အခိုင်အမာရိုက်သွင်း၍ ကွပ်ပျစ်သဖွယ် ပြုလုပ်ကာ ဆိုင်ခန်းဖွင့်လှစ်ထားပြီး စက်ဘီး ကိုယ်ထည်များ သဘော်ဆေးမှုတ်ခြင်း၊ ၎င်းဆိုင်မှ လမ်းသွားလမ်းလာများအား မကြားဝံ့ မနာသာ စကားများ ပြောဆိုခြင်း၊ ညဉ့်နက်ပိုင်းတွင်အရက်မူးသူ အချို့တို့ ၎င်းဆိုင်တွင် ခိုကပ်ခြင်း ပြုနေပါသဖြင့် အဆိုပါ စက်ဘီးပြင်ဆိုင်အား လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**သာကေတသား**

## ယင်လုံအိမ်သာများ အသုံးပြုစေချင်

**စာတည်းခင်ဗျား–**

ဧရာဝတီတိုင်း ဝါးခယ်မမြို့ ရေကျော်ရပ်ကွက် မုခဝတီကျောင်းလမ်းရှိ နေအိမ်အချို့သည် အိမ်သာဆောက်လုပ်ခြင်းမရှိဘဲ နေအိမ်ပေါ်မှ အညစ်အကြေးများ စွန့်ပစ်နေခြင်းတို့ကြောင့် ပတ်ဝန်းကျင်ရှိ လူအများအား ကျန်းမာရေး ထိခိုက်လျက်ရှိရာ သက်ဆိုင်ရာက ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးခံစားနေရသူ**

## ဈေးအတွင်း၌သာ ဈေးရောင်းစေချင်

**စာတည်းရှင့်–**

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ခေမာကျောင်းလမ်းပေါ်တွင် ဘုမ္မာဈေးမှ ဈေးသည်များသည် ဈေးအတွင်းရောင်းရန် ဆိုင်ခန်းများရှိပါလျက် ခေမာကျောင်းလမ်းမကြီး ကားလမ်းဝဲယာနှစ်ဖက်ပေါ်တွင် စည်းကမ်းမဲ့ ဈေးရောင်းချလျက်ရှိပါသည်။

သို့ပါ၍ ဈေးသည်များကို ဈေးအတွင်း၌သာ စည်းကမ်းတကျ ရောင်းချနိုင်ရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ခေမာလမ်းသူ**

## ရပ်ကွက်အတွင်းမှအရက်ဆိုင် ပြောင်းရွှေ့ပေးပါ

**စာတည်းခင်ဗျား–**

သံတွဲမြို့ အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်း ဒွါရာဝတီမြို့ဦး တံတားထိပ်ရှိ အရက်ဆိုင်တွင် သောက်စားမူးယစ်ကာ ဆဲဆိုရန်ဖြစ်ကြသည့်အပြင် အမူးသမားများက လမ်းသွား လမ်းလာများကို ရန်စသဖြင့် ရပ်ကွက်နေပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။ သို့ပါ၍ အဆိုပါ အရက်ဆိုင်ကို ပြောင်းရွှေ့ ဖယ်ရှားပေးပါရန် တင်ပြပါသည်။ **နှောင့်ယှက်ခံရသူတစ်ဦး**

## စည်းကမ်းမဲ့အမှိုက်ပုံ ရှင်းလင်းပေးပါ

**စာတည်းခင်ဗျား–**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၁၀)ရပ်ကွက် လမ်း၅၀နှင့် ၄၉လမ်းကြားရှိ နောက်ဖေးလမ်းကြားတွင် စားသောက်ဆိုင်အချို့နှင့် တိုက်ခန်းများမှ စည်းကမ်းမဲ့စွန့်ပစ် အမှိုက်များကြောင့် အမှိုက်ပုံကြီးဖြစ်နေပါသည်။ ယင်းအမှိုက်ပုံမှ အနံ့ဆိုးများ ထွက်ခြင်းကြောင့် ကျန်းမာရေးထိခိုက်နေရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အမြင်မတော်သူ**

# ကမ္ဘာ့ဖလားဘောလုံးပွဲ နောက်ဆက်တွဲသတင်းနှင့် အခြားဘောလုံးသတင်းများ

**ကမ္ဘာတစ်လွှား**

**အားကစား**

**စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ**

**ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအပြီး ဆက်လက်ဖြစ်ပေါ်လျက်ရှိသော ဘောလုံးသတင်းများနှင့် အခြားဘောလုံးအသင်းများ၏ သတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။**



**အီတလီနောက်ခံလူ ကင်နာဗာရို။**

### ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ အကောင်းဆုံးဖြစ်ရပ်များ

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတစ်လျှောက် ကမ္ဘာ့ဘောလုံးပရိသတ်ကြီး ဆန္ဒအရ အကောင်းဆုံး ဘောလုံးသမားအဖြစ် ပွဲတိုင်း ခြေစွမ်းပြခဲ့သော အီတလီနောက်ခံလူ ကင်နာဗာရိုကို လည်းကောင်း၊ အကောင်းဆုံး ဂိုးသွင်းမှုအဖြစ် ဂျာမနီနှင့် ကော့စတာရီကာပွဲတွင် ဂျာမနီမှ ဖီးလစ်လမ်းသွင်းယူခဲ့သည့် ဂိုးကို လည်းကောင်း၊ အကောင်းဆုံး ဘောလုံးပွဲအဖြစ် အာဂျင်တီးနားနှင့် အိုင်ဗရီကို့စ်ပွဲကိုလည်းကောင်း ဆန္ဒပြုခဲ့ကြသည်ဟု ဖီဖာက သတင်းထုတ်ပြန်လိုက်သည်။

ထိုသို့ သတင်းထုတ်ပြန်ရာတွင် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအပြီးတွင် ထုတ်ပြန်ခဲ့သည့် မီဒီယာများ၏ အကြိုက်နှင့် တူညီခဲ့ကြောင်း၊ ဇူလိုင် ၁၀ ရက်က ထုတ်ပြန်ခဲ့သည့် အကောင်းဆုံးဖြစ်ရပ်များတွင်လည်း ပရိသတ်အကြိုက်ဆုံး ဘောလုံးသမားအဖြစ် အီတလီနောက်ခံလူ ကင်နာဗာရိုကို ဆန္ဒပြုခဲ့ကြကြောင်း ဖော်ပြခဲ့ကြသည်။

ထို့အပြင် အကောင်းဆုံး ဘောလုံးပွဲကိုလည်း အာဂျင်တီးနားနှင့် အိုင်ဗရီကို့စ်ပွဲအဖြစ် သတ်မှတ်ပုံချင်း တူညီခဲ့ကြသည်။

### ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အဆိုးဆုံးဖြစ်ရပ်များ

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ရုပ်ဆိုးသော ဖြစ်ရပ်များမှာ နောက်ဆုံးဗိုလ်လုပွဲ၌ ဇီဒန်းက မာတာရာဇီအား ခေါင်းဖြင့်ပစ်တိုက်မှု၊ အင်္ဂလန်ဒိုင်လူကြီး ဂရေဟမ်ပူးလ်က ခရိုအေးရှား ကစားသမားဆင်မြူနစ်အား အဝါကတ်သုံးကြိမ် မှားယွင်းပြသမှု၊ ဆွစ်ဇာလန်နှင့် ယူကရိန်းတို့၏ စိတ်ပျက်ငြီးငွေ့ဖွယ်ရာ ကောင်းသော ဘောလုံးပွဲစဉ်တို့သည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၏ ဂုဏ်သတင်းကို အမည်းစက်သဖွယ် စွန်းထင်သလို ဖြစ်ရသည့် ဖြစ်ရပ်များပင်ဖြစ်သည်။

ထို့အပြင် အင်္ဂလန်အသင်း ကွာတားဖိုင်နယ်မှ ထွက်ခဲ့ရသည့် ဖြစ်ရပ်မှာလည်း ဆိုးရွားသော ဖြစ်ရပ်ပင်ဖြစ်ကြောင်း၊ အင်္ဂလန်အသင်း နည်းပြအဲရစ်ဆင်၏ လူထုတ်ကစားပုံနှင့် လူစားလဲမှုတို့မှာ မှားယွင်းခဲ့ကြောင်း ကမ္ဘာ့ဘောလုံးပရိသတ်များက ဖော်ပြခဲ့ကြသည်။



**ဂရေဟမ်ပူးလ် သုံးကြိမ်မြောက် အဝါကတ်ပြစဉ်။**

### ၂၀၁၄ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲ အိမ်ရှင်အဖြစ်ကျင်းပနိုင်ရန် ကိုလံဘီယာမျှော်လင့်နေ

၂၀၁၄ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ်ကျင်းပရန် ဘရာဇီးနှင့်အပြိုင် ကိုလံဘီယာနိုင်ငံကလည်း လက်ခံကျင်းပလိုကြောင်း ဆန္ဒရှိနေသည်ဟု ကိုလံဘီယာနိုင်ငံ ဒုတိယသမ္မတ ဖာနန်ဒိုဆန်တို့စ်က ပြောကြားလိုက်သည်။

၂၀၁၄ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ်ကျင်းပခွင့်ရရေးအတွက် တောင်အမေရိက၌ ဘရာဇီးတို့ထိပ်ဆုံးမှ ရေပန်းစားနေရာ ဘရာဇီးနှင့်အတူ ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရေးကို တောင်အမေရိက ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ နီကိုလက်စ်လီရိုဇ်နှင့် ယခုသီတင်းပတ်အတွင်း တွေ့ဆုံဆွေးနွေးမှု ပြုလုပ်မည်ဖြစ်ကြောင်း ကိုလံဘီယာ ဒုတိယသမ္မတ ဖာနန်ဒိုဆန်တို့စ်က ပြောကြားသည်။

တောင်အမေရိကတွင် ကျင်းပမည့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဘရာဇီးနှင့်အတူ ကျင်းပခွင့်ရရန်မှာ လွယ်ကူသည့်ကိစ္စမဟုတ်ကြောင်း၊ သို့သော်လည်း ဖြစ်နိုင်ခြေရှိသော အရာများကို မိမိတို့ ဆွေးနွေးသုံးသပ်ကြမည်ဖြစ်ကြောင်း မစ္စတာဆန်တို့စ်က ပြောကြားသည်။

မိမိတို့အနေဖြင့် အိပ်မက်တစ်ခုကို လက်တွေ့၌ အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း၊ လက်တွေ့၌ ဖြစ်နိုင်ရန် အခွင့်အရေးများရှိကြောင်း ၎င်းက ပြောကြားသည်။



### မန်ယူမှ ကွင်တန်ဖော်ကျွန်း ဘော်လ်တန်ပြောင်းမည်

မန်ယူကစားသမား ကွင်တန်ဖော်ကျွန်း **(အပေါ်ပုံ)** သည် ဘော်လ်တန်အသင်းသို့ ပြောင်းရွှေ့ကစားရေးမှာ နီးစပ်မှု ရှိနေပြီဖြစ်ကြောင်း ဘော်လ်တန်အသင်းမှ ပြောကြားလိုက်သည်။ ကွင်တန်ဖော်ကျွန်းနှင့် မိမိတို့ကလပ် လက်မှတ်ရေးထိုးရန် နောက်သီတင်းပတ် စောစောပိုင်းအချိန်တွင် ဖြစ်နိုင်မည်ဟု ဘော်လ်တန်မန်နေဂျာ ဆမ်အလာဒိုက်စ်က ပြောကြားသည်။

ဖော်ကျွန်းအနေဖြင့် နှစ်နှစ်စာချုပ်ချုပ်ဆိုကာ ဘော်လ်တန်တွင် ကစားမည်ဖြစ်ရာ မိမိအနေဖြင့် လက်မှတ်ရေးထိုးနိုင်ခဲ့လျှင် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမည်ဖြစ်ကြောင်း၊ ဖော်ကျွန်းသည် ပရီမီယာလိဂ် အတွေ့အကြုံရှိပြီး အလွန်ထူးခြားသော ကစားသမားတစ်ဦးဖြစ်ကြောင်း ဘော်လ်တန်မန်နေဂျာ ဆမ်အလာဒိုက်စ်က ပြောကြားသည်။ ။

**(အင်တာနက်)**



**ကမ္ဘာ့နံပါတ်တစ် တိုက်ဂါးဝုဒ်၏ ကစားဟန်။**

## ဗြိတိသျှအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ တိုက်ဂါးဝုဒ် ၁၃ချက်လျော့ရိုက်ပြီး ဦးဆောင်

**ဟွိုင်းလိတ်(အင်္ဂလန်) ဇူလိုင် ၂၃**

(၁၃၅)ကြိမ်မြောက် ဗြိတိသျှ အိုးပင်းဂေါက်သီးရိုက်အားကစားပြိုင်ပွဲ တတိယနေ့ယှဉ်ပြိုင်အပြီး ကမ္ဘာ့နံပါတ်(၁) တိုက်ဂါးဝုဒ်သည် စပိန်မှ ဂါစီယာထက် တစ်ချက်အသာရပြီး ပြိုင်ပွဲကို ဦးဆောင်လျက်ရှိသည်။

### လျော့ရိုက်ထား

တိုက်ဂါးဝုဒ်နှင့် တောင်အာဖရိကသား အာနိုင်းအေးစ်တို့သည် တတိယနေ့ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက် ၇၂ ချက်တွင် တစ်ချက်စီ လျော့ရိုက်ခဲ့ကြသည်။ လက်ရှိချန်ပီယံ တိုက်ဂါးဝုဒ်က သုံးရက်ပေါင်း၂၀၃ချက် ရိုက်ထားသည်။ ၎င်းသည် စုစုပေါင်း ၁၃ ချက် လျော့ရိုက်ထားသည်။

တတိယနေ့တွင် ဂါစီယာက ၆၅ ချက်၊ အမေရိကန်မှ ဒီမာကိုက ၆၉ ချက်နှင့် တောင်အာဖရိကသား အာနိုင်းအေးစ် ၇၁ ချက် လျော့ရိုက်ခဲ့သည်။ ၎င်းတို့ သုံးဦးသည် သုံးရက် စုစုပေါင်း၂၀၄ချက်စီ ရိုက်ထားကြသည်။ ၎င်းတို့သည် ၁၂ချက်စီလျော့ရိုက်ထားကြပြီး တိုက်ဂါးဝုဒ် နောက်မှ လိုက်နေသည်။

အာဂျင်တီးနားမှ ကာဘရီရာနှင့် အမေရိကန်မှ ဂျင်ဖာရီတို့က စုစုပေါင်း ၁၁ ချက်စီ လျော့ရိုက်ထားကြသည်။ ဂျပန်နိုင်ငံသား ဟိုက်ဒီတိုတာနီဟာရာက စုစုပေါင်း ၁၀ ချက် လျော့ရိုက်ထားသည်။

ချန်ပီယံ တိုက်ဂါးဝုဒ်သည် ၅၄ကျင်း ကစားပြီးနောက် အဓိကပြိုင်ပွဲကြီး ၁၁ ပွဲမြောက်တွင် ဗိုလ်စွဲရန် အလားအလာကောင်းနေသည်။ ၎င်းသည် ထိုပွဲမတိုင်မီက အဓိကပြိုင်ပွဲများ၌ ဖလား ၁၀လုံး ဆွတ်ခူးခဲ့ပြီးဖြစ်သည်။ **(အင်တာနက်)**

## ချယ်လ်ဆီးတောင်ပံကစားသမား ဒပ်ဖ် နယူးကာဆယ်ကစားသမားဖြစ်သွားပြီ

**ရေးသားတင်ပြသူ မြင့်မောင်စိုး**

လန်ဒန် ဇူလိုင် ၂၃

**ချယ်လ်ဆီးတောင်ပံကစားသမား ဒါမီယန်ဒပ်ဖ်သည် ဇူလိုင် ၂၂ရက်က ဆေးစစ်ဆေးမှုခံယူပြီးနောက် နယူးကာဆယ်သို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။**

အသက် ၂၇နှစ်အရွယ်ရှိ အိုင်ယာလန်လက်ရွေးစင်ကစားသမား ဒပ်ဖ်သည် နယူးကာဆယ်အသင်းနှင့် ငါးနှစ်စာချုပ်ချုပ်လိုက်သည်။ သို့သော်လည်း ပြောင်းရွှေ့ကြေးကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ သို့ရာတွင် ပေါင်သန်း ၁၀ ဝန်းကျင်ဖြစ်နိုင်သည်ဟု ဆိုသည်။

### အောင်မြင်မှုမရခဲ့

ဒပ်ဖ်သည် ပရီမီယာရှစ်ပြိုင်ဘက် တော့တင်ဟမ်အသင်းက အလိုရှိနေသူလည်း ဖြစ်သည်။ သို့ရာတွင် ၎င်းအသင်းက ပေါင် ၇သန်းသာ ပေးနိုင်ခဲ့သည်။

အဆိုပါ တောင်ပံကစားသမားအား ၂၀၀၃ ခုနှစ်တွင် ချယ်လ်ဆီးက ဘလက်ဘန်းအသင်းမှ ပေါင် ၁၇သန်းပေး၍ ဝယ်ယူခဲ့သည်။ ၎င်းသည် ချယ်လ်ဆီးအသင်းတွင် ပွဲပေါင်း ၁၂၅ပွဲပါဝင်ကစားခဲ့ရာ ၁၉ဂိုး သွင်းပေးခဲ့သူဖြစ်သည်။

ဒပ်ဖ်သည် ယင်း၏နိုင်ငံအတွက် အိုင်ယာလန်အသင်းတွင် ၅၈ကြိမ် ပါဝင်ကစားခဲ့သူလည်း ဖြစ်သည်။ ၎င်းသည် စတမ်းဖို့ဒ်ဘရစ်ဒ်၌ ရှိနေစဉ်အတွင်း ချယ်လ်ဆီးအသင်းအား ပရီမီယာရှစ်ဖလားနှစ်လုံး ဆွတ်ခူးရာတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။ ၎င်းသည် ဇူလိုင်၂၄ရက်မှစပြီး နယူးကာဆယ်ကစားသမား ဖြစ်သွားပြီဖြစ်ကြောင်း သိရသည်။

### အထူးပွဲထုတ်ကစားမည်

အဆိုပါ ကစားသမား နယူးကာဆယ်သို့ ရောက်ရှိသွားပြီဖြစ်၍ အသင်းမန်နေဂျာ ဂလင်းရိုဒါက လာမည့် ရာသီတွင် အသင်းအောင်မြင်မှုရရှိရေးအတွက် အထူးပွဲထုတ် ကစားလိမ့်မည်ဖြစ်သည်။ ။ **(အင်တာနက်)**

**ဒါမီယန်ဒပ်ဖ်**



**နယူးကာဆယ် အသင်း တောင်ပံနေရာတွင် ကစားမည့် ချယ် လ် ဆီး မှ ဒါမီယန်ဒပ်ဖ်။**

## ဒဗလျူဘီစီ ဝယ်တာဝိတ်တန်း ခါးပတ်လုပွဲ အာဂျင်တီးနားမှ ဘာဒိုမီယာ သရဖူဆက်ထိန်း

လန်ဒန် ဇူလိုင် ၂၃

**ကမ္ဘာ့လက်ဝှေ့ကောင်စီ (ဒဗလျူဘီစီ)၏ ဝယ်တာဝိတ်တန်း ခါးပတ်လုပွဲတွင် အာဂျင်တီးနားမှ ဘာဒိုမီယာက စိန်ခေါ်သူ ကနေဒါနိုင်ငံသား အာတူရိုဂတ်တီအား အလဲထိုးပြီး သရဖူကိုကာကွယ်လိုက်နိုင်သည်။**



**ဘာဒိုမီယာ၏လက်သီးချက်ဖြင့် ကြမ်းပြင်သို့ လဲကျသွားသော ဂတ်တီအား ဤသို့ တွေ့ရသည်။**

ဘာဒိုမီယာက ဂတ်တီအား ကိုးချီမြောက်တွင် အလဲထိုးပြီး ၎င်း၏ ဝယ်တာဝိတ်တန်း ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။ ဘာဒိုမီယာသည် ပြိုင်ပွဲတစ်လျှောက် ဘယ်ညာတွဲလုံးလက်သီးများဖြင့် ဂတ်တီအား ဖိထိုးခဲ့ရာ နှစ်ကြိမ်တိုင် ကြမ်းပြင်သို့အလဲထိုးချနိုင်ခဲ့သည်။

ပြိုင်ပွဲအပြီး ဂတ်တီကကြေညာရာတွင် ဘာဒိုမီယာ၏ထိုးအားကို အကြိတ်အနယ်ယှဉ်ပြိုင်နေရ၍ လက်ဝှေ့လောကမှအနားယူရန် စဉ်းစားထားပြီဟုဆိုသည်။

ပရိသတ်များအားလုံး သိကြသည့်အတိုင်း မိမိသည် တကယ့်ချန်ပီယံဖြစ်ကြောင်း ဘာဒိုမီယာက ပြောကြားသည်။

### အလဲထိုး

ပြိုင်ပွဲမစမီက ဘာဒိုမီယာက ၎င်းသည် ဂတ်တီထက် ပိုမိုတောင့်တင်းသည့် လက်ဝှေ့သမားဖြစ်ကြောင်း၊ နှစ်ချီ သို့မဟုတ် သုံးချီဖြင့် အလဲထိုးနိုင်လိုက်မည်ဖြစ်ကြောင်း အပြောရှိခဲ့သည်။ သို့ရာတွင် ဘာဒိုမီယာက ကိုးချီမြောက်တွင် ဘယ်လက်သီးဖြင့် ဂတ်တီအား ကြမ်းပြင်သို့ အရောက်ပို့ ပေးလိုက်သည်။ ဘာဒိုမီယာ၏ ယခုအနိုင်ရမှုသည် ကြေးစားလက်ဝှေ့ပြိုင်ပွဲတွင် ၄၃ ပွဲမြောက် အနိုင်ရရှိခြင်း ဖြစ်သည်။ **(အင်တာနက်)**

# ခေတ်စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ် ၃၂၀/၃၂၂နေ
ဦးသိန်းဇော်–ဒေါ်တင်တင်ဦး
တို့၏သားကြီး

**ဗိုလ်သန့်ဇော်လွင် M.B.,B.S (D.S.M.A)**

နှင့်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ထင်အောင်ကျော်–ဒေါ်အေးညွန့်ရွှေ(အထပြ၊ ငြိမ်း)
တို့၏တစ်ဦးတည်းသောသမီး

**မအေးအေးခိုင် B.A (English) Y.U.F.L**

တို့သည် ၂၃–၇–၂၀၀၆ရက်တွင် နှစ်ဖက်သောမိဘများနှင့်ဂုဏ်သရေရှိလူကြီးများ၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်သန့်ဇော်လွင်–မအေးအေးခိုင်။**

# ဝန်ထမ်းအလိုရှိသည်

## (ပြည်တွင်း၌သာခန့်ထားရန်)

| | | |
|---|---|---|
| ၁။ Head Waiter | အမျိုးသား | (၃)ဦး |
| ၂။ Waiter | အမျိုးသား | (၂၀)ဦး |
| ၃။ Store Keeper (မင်္ဂလာခန်းမ) | အမျိုးသား | (၄)ဦး |
| ၄။ Room Attendant | အမျိုးသား | (၄)ဦး |
| ၅။ Bell Boy&Door Man | အမျိုးသား | (၄)ဦး |
| ၆။ Kitchen Staff (Helper) | အမျိုးသား | (၄)ဦး |

အထက်ဖော်ပြပါ အလုပ်နေရာများအတွက် လျှောက်ထားလိုသူများသည် (အသက် ၁၈နှစ်မှ ၄၀ အတွင်းရှိသူ၊ အနည်းဆုံး အခြေခံပညာအဆင့်မြင့်တန်းအောင်မြင်ပြီးသူ)၊ ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ ဓာတ်ပုံတစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ အိမ်ထောင်စုစာရင်းမိတ္တူတို့နှင့်အတူ ၂၆–၇–၂၀၀၆ရက် နောက်ဆုံးထား၍ အုပ်ချုပ်ရေးဌာန အမှတ် ၄၄၊ အလံပြဘုရားလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့သို့ လျှောက်ထားနိုင်ပါသည်။(တယ်လီဖုန်းဖြင့် စုံစမ်းမေးမြန်းခြင်းမပြုပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

# မလေးရှားလုပ်ငန်းခွင်အကြိုသင်တန်းတက်ရောက်ရန်

# သင်တန်းသားခေါ်ယူခြင်း

၁။ မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများသည် မလေးရှား လုပ်ငန်းခွင်အကြိုသင်တန်း Induction Course ကို တက်ရောက်အောင်မြင်ပြီး အောင်လက်မှတ်ရရှိပြီးမှသာ ၁–၂–၂၀၀၆ရက်မှစ၍ မလေးရှားနိုင်ငံတွင် အလုပ်လုပ်ခွင့် ဗီဇာထုတ်ပေးမည်ဖြစ်ပါသည်။

၂။ သင်တန်းတက်ရောက်လိုသူများသည် အောက်ဖော်ပြပါ သင်တန်းကျောင်းတွင် စာရင်းပေးသွင်း တက်ရောက်နိုင်ပါသည်။

မလေးရှား လုပ်ငန်းခွင်အကြိုသင်တန်းကျောင်း အမှတ်(၇)၊ နတ်မောက်စက်မှုလက်မှု အထက်တန်းကျောင်း၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ သင်တန်းသားအတွက် လိုအပ်သည့်အရည်အချင်း

- (က) အသက် ၁၈နှစ်မှ ၄၅နှစ် အတွင်းရှိသည့် မြန်မာနိုင်ငံသား အမျိုးသားများ
- (ခ) ကျန်းမာရေးကောင်းမွန်သူ
- (ဂ) ကောင်းစွာ စာရေး၊ စာဖတ် တတ်သူ
- (ဃ) မြန်မာနိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူ

၄။ အသေးစိတ်အချက်အလက်များကို အထက်ပါလိပ်စာတွင်လည်းကောင်း၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနရုံးများတွင်လည်းကောင်း၊ တယ်လီဖုန်း အမှတ်–၀၁–၅၅၄၉၆၈၊ ၀၁–၂၉၁၉၅၇တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန။**




# အခြားနည်းသမ္မန်စာ

## တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
## ရန်ကုန်တိုင်း တရားရုံးတော်၌
## ၂၀၀၆ခုနှစ်၊ တရားမကြီးမှုအမှတ်–၄၇၅

| | |
|---|---|
| ဦးမင်းနောင် | ၁။ ဒေါ်စန်းငွေ |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဝင်းဦး) | ၂။ ဒေါ်စန်းအေး |
| အမှတ် ၄၉၀၊ ဝေဘာဂီလမ်း၊ | ၃။ ဦးအောင်မြိုင် |
| (၅)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်၊ | ၄။ ဦးအောင်မြင့် |
| ရန်ကုန်မြို့။ | အမှတ် ၄၉၀၊ ဝေဘာဂီလမ်း၊ (၅)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့(ယခင်နေရပ်လိပ်စာ)။ |
| **တရားလို** | **တရားပြိုင်များ** |

အထက်ပါအမှုမှ တရားပြိုင်များ ဖြစ်ကြသည့် ဒေါ်စန်းငွေ ပါ လေးဦး(ယခုနေရပ်လိပ်စာမသိသူများ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "ကတိပဋိညာဉ်စာချုပ်ပါအတိုင်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" စွပ်စွဲချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်း၏အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးအခွင့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၆ခုနှစ် ဩဂုတ် ၄ရက်(၁၃၆၈ခုနှစ် ဝါခေါင်လဆန်း ၁၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလိုက စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် ဇွန် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**စစ်တင်**
**တွဲဖက်တိုင်းတရားသူကြီး(၉)**
**ရန်ကုန်တိုင်းတရားရုံး။**

# ဇူလိုင် ၂၃ရက်၌မိုးရွာသွန်းလေသမျှ

| | |
|---|---|
| **ခန္တီး** | **၃ ဒသမ ၁၉ လက်မ** |
| **ဘားအံ** | **၂ ဒသမ ၂၀ လက်မ** |
| **မော်လမြိုင်** | **၁ ဒသမ ၉၇ လက်မ** |
| **မြစ်ကြီးနား** | **၁ ဒသမ ၆၂ လက်မ** |
| **ကလေး** | **၁ ဒသမ ၅၈ လက်မ** |
| **သံတွဲ** | **၁ ဒသမ ၄၆ လက်မ** |




# လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် အပြည့်အဝရရှိရေးဆောင်ရွက် ပြည်သူယုံကြည်အားထားရသော ဝန်ထမ်းကောင်းဖြစ်အောင်ကြိုးစား

နေပြည်တော် ဇူလိုင် ၂၃

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇူလိုင် ၁၈ရက် နံနက်ပိုင်းက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ လယ်ဝေးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိ၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ မိမိတို့ဝန်ထမ်းများသည် လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်အပြည့်အဝရရှိရေးနှင့် ဓာတ်အားပြတ်တောက်မှု မတော်တဆဖြစ်ပွားပါက မြန်မြန်ဆန်ဆန် ဓာတ်အားပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ပေးရန်နှင့် ပြည်သူက ယုံကြည်အားကိုးရသော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်စေလိုကြောင်း မှာကြားသည်။**

### ဆွေးနွေးတင်ပြ

ထို့နောက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်က လယ်ဝေးမြို့နယ်အတွင်းရှိ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ စစ်ဆေးပြုပြင်ခြင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ညွှန်ကြားရေးမှူး ဦးမျိုးနိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က မြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးပေးမှုနှင့် မီတာငွေကောက်ခံရရှိမှုတို့ကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး အသစ် ပြန်လည်ပြုပြင် တည်ဆောက်မည့် ရုံးအဆောက်အအုံမြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇူလိုင်၁၉ရက် နံနက်ပိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ ရမည်းသင်းမြို့နယ် လျှပ်စစ် အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ မိမိတို့ ဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် အရေးကြီးသောဌာနကြီးဖြစ်၍ လုပ်ငန်းတာဝန်များကို စေတနာသန့်သန့်ဖြင့် မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဝန်ထမ်းများကလည်း လစဉ်သတ်မှတ်ရက်အတိုင်း မီတာဖတ်ခြင်း၊ မီတာ စာရင်းရေးသွင်းခြင်း၊ လျှပ်စစ်ဓာတ်အားခ တောင်းခံလွှာများကို မီတာသုံးစွဲသူများသို့ ဖြန့်ဝေခြင်းစသည့် လုပ်ငန်းများကိုစနစ်တကျ ဆောင်ရွက်၍ ဝင်ငွေတိုးတက်ရရှိရန် ကြိုးပမ်းပြီး မှန်ကန်သော နိုင်ငံ့ဝန်ထမ်းများအဖြစ် ရပ်တည်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

**(သတင်းစဉ်)**

# တစ်ပြည်လုံး၌ မိုးလျော့နည်းသွားမည်

ရန်ကုန် ဇူလိုင် ၂၃

**လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့၌ နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြားမိုးရွာခဲ့ကာ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍မိုးကြီးခဲ့သည်။**

**ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။**

**ဇူလိုင်၂၄ရက် ညနေအထိခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာကွက်ကျားမိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။**

**မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။**

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် မိုးလျော့နည်းသွားမည်ဟု သက်ဆိုင်ရာမှသတင်းရရှိသည်။**

(မြန်မာ့အလင်း)

# မကွေးမြို့ ကရုဏာရှင်များအသင်း အခမဲ့ဆေးကုသခန်းဖွင့်ရန်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၃**

မကွေးမြို့ ကရုဏာရှင်များနာရေးကူညီမှုအသင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆေးကုသခန်းဖွင့်လှစ်နိုင်ရန်အတွက် ဆေးပဒေသာပင် အလှူငွေများ လှူဒါန်းကြရာ ဖခင် ဦးချစ်ထွန်း (ရွှေပန်းထိမ်)အား ရည်စူး၍ ဦးဇေယျ – ဒေါ်ညွန့်ညွန့်စိန် (ရွှေသရဖူညွန့်ညွန့် ရွှေပန်းထိမ်) မိသားစုက ကျပ်တစ်သိန်း၊ ဦးအောင်ကျော်စိုး – ဒေါ်စိုးစိုးအောင် မိသားစုက ကျပ်ငါးသောင်း၊ ဦးသောင်းလှိုင်(မေဇင်သိန်းကုမ္ပဏီ) မန္တလေးက ကျပ်တစ်သိန်း၊ ဗိုလ်မှူးချုပ်ထွန်းထွန်းဦး–ဒေါ်တင်တင်ဝင်း မိသားစုက ကျပ်တစ်သိန်း၊ မိဘများအားအမှူးထား၍ ကိုမိုးခိုင်စိုး–မစန္ဒာသန်း မိသားစုက ကျပ်တစ်သိန်း၊ ဦးမောင်မောင် – ဒေါ်သန်းသန်း မိသားစု(ကန်တော်ကလေး ကားပစ္စည်းဆိုင်)က ကျပ်ငါးသောင်း၊ ဦးဇေယျ (ရွှေသရဖူ ညွန့်ညွန့်ရွှေပန်းထိမ်) (၅၃)နှစ်ပြည့်မွေးနေ့အလှူ ကျပ်တစ်သိန်း၊ ဦးမြင့်သိန်း–ဒေါ်တင်စီ နှစ်(၅၀) မြောက် ရွှေရတုမင်္ဂလာအထိမ်းအမှတ် တောင်ဥက္ကလာပက အလှူငွေကျပ်ငါးသောင်း၊ဗိုလ်ကြီးမျိုးလွင် – ဒေါ်လှိုင်လှိုင်မြင့် မိသားစုက ငွေကျပ်သုံးသောင်း၊ ဒေါ်ခင်သန်းဆွေ (၆၁)နှစ်ပြည့်မွေးနေ့အလှူ ကျပ်သုံးသောင်းတို့ကို လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးလှဆန်းနှင့် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအုန်းရွှေ၊ ဦးမော်လင်းတို့က လက်ခံယူကြသည်။ **(က–ပ)**

# အရှင်ပညာသီဟာဘိဝံသ (ပဋ္ဌာနိကာယ်)တရားပွဲ

**ရန်ကုန် ဇူလိုင် ၂၃**

အရှင်ပညာသီဟာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သ၊ စ၊ သ၊ အ မဓ္မာစရိယ၊ ဝိနယပါဠိပါရဂူ) ပဋ္ဌာနိကာယ် ဆရာတော်သည် ၁၃၆၈ခုနှစ် ဝါဆိုလကွယ်နှင့်ဝါခေါင်လဆန်း ၈ရက်တို့တွင် မွန်းလွဲ၂နာရီ၌ တောင်ဥက္ကလာပမြို့နယ် သူရလမ်း (၉)ရပ်ကွက် လူထုဓမ္မာရုံ၌ လည်းကောင်း၊ ဝါခေါင်လပြည့်နေ့ ည ၇နာရီတွင် စမ်းချောင်းမြို့နယ် မြသိန်းတန်ဓမ္မာရုံ၌ လည်းကောင်း၊ ဝါခေါင်လကွယ်နေ့ မွန်းလွဲ၂နာရီတွင် ရန်ကင်းမြို့နယ် ဘောက်ထော် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က–ပ)**

## ရွာရန်ရာနှုန်း ၈၀

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**



## တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ကြီးမှူး ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၉**

မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင်၁၇ရက် နံနက်၇နာရီက ရေတံခွန်တောင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းတွင် ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း၊ မြို့တော်ဝန်၏ဇနီး ဒေါ်မိုးသီတာ၊ ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်နန်းအေးမြနှင့် အဖွဲ့ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးကျော်မြင့်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**စိုက်ပျိုး**

အခမ်းအနားတွင် တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများအား ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရန် ပေးအပ်ပြီး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက သတ်မှတ်နေရာများတွင် ခြံစည်းရိုးကြက်ဆူပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါ ခြံစည်းရိုးကြက်ဆူပင် ငါးကေတွင် စိုက်ပျိုးသော အပင်ပေါင်းမှာ ၆၂၀၀ဖြစ်သည်။**(ဝဲပုံ) (သတင်းစဉ်)**

**ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင် ဇွန်၂၈ရက်က မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ရန်ကုန်-စစ်တွေ လမ်းမကြီးနှင့်ဆက်စပ်လျက်ရှိသော စမ္ဘလေ၊ ကြမ်းတိုက်၊ တောင်တိုက်ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းမည့် ကျေးလက်လမ်းကိုကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးအောင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## ကျွန်း၊ ပျဉ်းကတိုးနှင့် ကြက်ဆူပင်များ ရွှေတောင်၌ စုပေါင်းစိုက်ပျိုး

ရွှေတောင် ဇူလိုင် ၂၀

**ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ရွှေတောင်မြို့နယ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၅ ရက် နံနက်က ကျီးသဲတိုက်နယ် ကျီးသဲလေးထပ်ဆရာတော်ကြီး ကျောင်းတော်ရာကုန်းမြေ၌ ကျင်းပသည်။**



စိုက်ပျိုးပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း) သစ်တောဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးကြည်စိုး၊ ပြည်ခရိုင် သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ ခေတ္တ မြို့နယ်ဦးစီးဌာနမှူး ဦးကြည်ဝင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းနှင့် အဖွဲ့ဝင် များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင် များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက စုပေါင်းစိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

အဆိုပါစိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၆၀၀၀ ၊ ပျဉ်းကတိုး ၁၀၀ နှင့် ခြံစည်းရိုးကြက်ဆူပင် ၁၁၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ကျောင်းဝတ်စုံများလှူဒါန်း

**ဖလမ်း ဇူလိုင် ၂၀**

ချင်းပြည်နယ် ဖလမ်းမြို့နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်း အတွက်နယ်မြေခံတပ်နယ်မှတပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် မိသားစုက ကျောင်းဝတ်စုံ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင်၁၄ရက်က မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး ခန်းမဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးက နယ်မြေခံ တပ်နယ်မှူးကိုယ်စား ကျောင်းဝတ်စုံများကို ကျောင်းအုပ်ကြီး ဦးဆန်းထွန်းလင်းထံသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



## မြန်မာ့အသံ

**၁၃၆၈ခုနှစ် ဝါခေါင်လဆန်း ၁ရက်**
**၂၅-၇-၂၀၀၆(အင်္ဂါနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား [ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့ ဘိန်းအစားထိုး စိုက်ပျိုးရေးသီးနှံများအကြောင်း]
၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (စစ်မြေမှ မြဝတီမင်းကြီး၏ ရတုတစ်ပုဒ်-တက္ကသိုလ်ညိုသန့်)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ရိုးရာယဉ်ကျေးမှုသစ္စာရှင်)
၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (အိပ်မက်ထဲကမင်းသားတွေ)
၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မြန်မာတို့ကို အကျိုးပြုနေသော မြန်မာ့ဝါး-ခင်ဇေ-စက်မှု)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ပဉ္စမတန်း-ဘဝတွက်တာ ကျွမ်းကျင်စရာ-အခြေခံပညာ စည်းကမ်းများချမှတ်ခြင်း)

**ညနေပိုင်း**

၁၆း၁၀ ဆိုကြမြိုင်မြိုင်တေးသံပြိုင်
(၁) ဂုဏ်ဆိုသည်မှာ
(၂) တေးမိုးသွန်းရွာ
(၃) ဒို့အားဒို့ကိုး ဒို့ကြိုးစားမည်
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (နေ့စဉ်ကျန်းမာရေးလေ့ကျင့်ခန်း အကျိုးကျေးဇူး-ခင်မောင်ဝင်း-စစ်တွေ)
၁၇း၅၀ သောတရှင်အတွက် ပြန်ကြားချက်
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (မှိုရတဲ့မျက်နှာ)
၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်ခြင်း)
၂၀း၃၀ ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ အစီအစဉ်(သစ်ပင်စိုက်ကြဇူလိုင်လ)
၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ချစ်နေရရင်ကျေနပ်တယ်
(၂) လေလှိုင်းသံကနားဆင်ပါ
(၃) နှစ်ယောက်ထဲကျမှ ပြောမယ်

## မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု ကွမ်းလုံ၌ ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုး

**ကွမ်းလုံ ဇူလိုင် ၅**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၂၈ရက် နံနက် ၉နာရီက ကွမ်းလုံမြို့နယ် ဟိုလံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်အောင်နှင့် ဇနီး ဒေါ်ဆွေဆွေလှ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဖေကြိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါက်တာဒေါ်ခင်နှင်းရီ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမူနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်အေးအေးမွန်နှင့် အသင်းဝင်များ၊ အလယ်တန်း ကျောင်းအုပ်ဆရာကြီး ဦးဘိုကြည်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများတက်ရောက်ကြပြီး ခြံစည်းရိုးကြက်ဆူပင် ၅၀၀ကျော်တို့ကို ကျောင်းဝင်းအတွင်း၌ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



**သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွင်း ကျိုက္ကမီမြို့ ဗိုလ်ချုပ်လမ်း စက်ရေတွင်းတူးဖော်ခြင်း၊ ရေလှောင်ကန်နှင့် ရေပန့်ရုံတည်ဆောက်ပြီးစီးမှုကို ဇူလိုင် ၁၀ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအောင်ကျော်မြိမ့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းက ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)

## တီဘီရောဂါကာကွယ်ဆေးတိုက်ကျွေးသူများ သင်တန်းဖွင့်

**ထန်းတပင် ဇူလိုင် ၁၂**

ထန်းတပင်မြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ DOT ဆေးတိုက်ကျွေးသူများ သင်တန်းကို ဇူလိုင် ၈ရက် နံနက်၉နာရီက မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးသာနိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးကော်မတီအတွင်းရေးမှူး မြို့နယ်ဆရာဝန် ဒေါက်တာမြင့်ဦးက တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ DOT ဆေးတိုက်ကျွေးသူများသင်တန်းဖွင့် လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)**



## စုပေါင်းဆောင်ရွက်

**တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ခုဘဏ္ဍာရေးနှစ်တွင် ဇီဝလောင်စာရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့ပိုင် ခွာဒိုခန်းမ ပတ်ဝန်းကျင်တွင် စိုက်ပျိုးပြီး ခြံစည်းရိုးကြက်ဆူပင်များ ပေါင်းမြက်ရှင်းလင်းခြင်းကို ဇွန် ၉ရက်က အမှုဆောင် အရာရှိ ဦးထွန်းဇော်မိုး ဦးဆောင်၍ စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ စုပေါင်း ဆောင်ရွက်ကြစဉ်။** (မြို့နယ် ပြန်/ဆက်)



# ဘုန်းတော်ကြီးစာသင်တိုက်နှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့်စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၃ တိုက်နှင့် သီလရှင်စာသင်တိုက် ခုနစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ■

# တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၃

**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးရှိ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၌ ဝါဆို ဝါကပ်တော်မူကြသည့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိ ပါရဂူဆရာတော် အရှင်သုမင်္ဂလာလင်္ကာရ(Ph.D) အမှူးရှိသော သံဃာတော်များ၊ ပင့်သံဃာတော်များအပါအဝင် သံဃာတော်အပါး ၄၀၀ ခန့်တို့အား နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၇နာရီတွင် ၁၃၆၇ခုနှစ် နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာမေးပွဲတွင် အောင်ပန်းဆင်ခဲ့ကြသော ဝိနယပါဠိပါရဂူဘွဲ့ရ၊ တစ်နိုင်ငံလုံး တတိယဂုဏ်ထူးရ သာသနာ့ဓဇ ဓမ္မာစရိယဘွဲ့ရစာချအရှင်မြတ်များ၊ ကျမ်းစွဲအောင် အရှင်မြတ်များ၊ ပထမပြန်စာမေးပွဲတွင် ပထမကြီး၊ ပထမလတ်၊ ပထမငယ်တန်းတို့ကို အောင်မြင်တော်မူကြသော အရှင်မြတ်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် ပူးတွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။** (သတင်းစဉ်)



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၃ တိုက်နှင့် သီလရှင်စာသင်တိုက် ခုနစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေပေးအပ်ပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# ပါတီ၏နိုင်ငံတော်အစိုးရအပေါ် ဆန့်ကျင်သည့်လုပ်ရပ်များကြောင့် NLD ပါတီအပေါ် စိတ်ဝင်စားမှု၊ ယုံကြည်အားထားမှုမရှိတော့ ဝါးခယ်မမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ကိုးဦးနုတ်ထွက်

**ရန်ကုန် ဇူလိုင် ၂၃**

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော စံပြသစ်ကျေးရွာမှ စည်းရုံးရေးမှူး ဦးစိုးမြင့်နှင့် ဦးသက်နွယ်၊ အတွင်းရေးမှူး ဦးဌေးလွင်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးလှအောင်၊ ဦးသန်းဦး၊ ဦးမျိုးညွန့်၊ ဦးစန်းဝင်း၊ ဦးကျော်မြင့်နှင့် ဦးတင်ဟန်တို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း ဇူလိုင် ၁၃ ရက်က ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဝါးခယ်မမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သို့ ကိုယ်တိုင်လာရောက်ပေးပို့ခဲ့သည့် နုတ်ထွက်လွှာတွင် ၎င်းတို့ ပါတီဝင်ကိုးဦးသည် NLD ပါတီ၏ နိုင်ငံတော်အစိုးရအပေါ် ဆန့်ကျင်သည့်လုပ်ရပ်များကြောင့် NLD ပါတီအပေါ် စိတ်ဝင်စားမှု၊ ယုံကြည်အားထားမှု မရှိတော့သဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် ပါတီဝင်အဖြစ်မှ နုတ်ထွက်ပါကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

# ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်လာတော့မည့် ဧရာဝတီတံတား(ရတနာပုံ)တည်ဆောက်ပြီးစီးမှု

**သတင်းမှတ်စုနှင့်ဓာတ်ပုံမှတ်တမ်း - သောင်းဝင်းဗိုလ်**

**ရန်ကုန် ဇူလိုင် ၂၃**

ဧရာဝတီတံတား(ရတနာပုံ)သည် ဧရာဝတီမြစ်အရှေ့ဘက် မန္တလေးမြို့ ခဝါတော်ရပ်နှင့် မြစ်အနောက်ဘက်ကမ်း စစ်ကိုင်းမြို့ တကောင်းရပ်တို့ကို ဆက်သွယ်ထားသည်။ လက်ရှိ အင်းဝတံတားကြီး၏ ရေဆန်ဘက် ပေ ၂၀၀၀ အကွာတွင် တည်ရှိသည်။

**အချက်အချာ**

မြန်မာပြည်အလယ်ပိုင်း အချက်အချာကျသောနေရာတွင် လက်ရှိအင်းဝတံတားကြီးရှိသည်။ အင်းဝတံတားကြီးမှာ ၁၉၃၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နှစ်ပေါင်း ၇၀နီးပါးရှိလာပြီဖြစ်သည်။ တံတားကြီးမှာ အိုမင်းလာပြီဖြစ်သည့်အတွက် မော်တော်ယာဉ်ကြီးများ၏ဝန်ချိန်ကို မထမ်းနိုင်တော့ချေ။ ၁၉၉၂ ခုနှစ်မှစ၍ ၁၅ တန်ထက်ကျော်သော မော်တော်ယာဉ်ကြီးများကို *စာမျက်နှာ ၇ ကော်လံ ၁* ✡



**ဧရာဝတီတံတား(ရတနာပုံ)သည် တဖြည်းဖြည်း ရုပ်လုံးပေါ်လာပြီဖြစ်ရာ ဇူလိုင် ၇ ရက်က တည်ဆောက်ပြီးစီးမှုအနေအထားကို ဤသို့တွေ့ရသည်။** (ဓာတ်ပုံမှတ်တမ်း-သောင်းဝင်းဗိုလ်)